
# အင်းစိန် [illegible]

ချိုနွယ်ဦး၊ မာန် (တောင်လုံးပြန်)

mgyoe.com


မာန်၊ ချိုနွယ်ဦး
(တောင်လုံးပြန်)
http://kantkawwutyee.myanmaronlinesales.com
တွင် ဝင်ရောက်ကြည့်ရှု ဖတ်ရှုနိုင်ပါသည်။
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | = | ဇူလိုင်လ၊ ၂၀၁၄ ခုနှစ်။ |
| | | ကံ့ကော်ဝတ်ရည်စာပေ |
| အုပ်ရေ | = | ၅၀၀ |
| မျက်နှာဖုံးပုံနှိပ် | = | အောင်သိန်းသန်းပုံနှိပ်တိုက် |
| | | အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | = | စွယ်တော်ပုံနှိပ်တိုက် |
| | | အမှတ် (၁၄၇)၊ (၅၁) လမ်း၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | = | ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ |
| | | ၅၁၊ ရေကျော်လမ်း၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | = | ဝင်းမြင့်ဦး |
| တန်ဖိုး | = | ၁၆၀၀ ကျပ် |

၈၉၅.၈၃

ချိုနွယ်ဦး၊ မာန်(တောင်လုံးပြန်)

အင်းစိန် နရသိန် ပစ္စန္တရစ်၊ မြို့ထောင်ချောက် / ချိုနွယ်ဦး၊ မာန်(တောင်လုံးပြန်)။ - ရန်ကုန်။

ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်။

စာမျက်နှာ-၁၄၁၊ ၁၃×၂၀ စင်တီမီတာ။

(၁) အင်းစိန် နရသိန် ပစ္စန္တရစ်၊ မြို့ထောင်ချောက်

mgyoe.com

mgyoe.com SAMPLE BOOK

# အင်းစိန် နရသိန် ပစ္စန္တရစ်
# ပြိုဋ္ဌတောင်ချောက်


- ချိုနွယ်ဦး
- မာန်(တောင်လုံးပြန်)



<u>ကံ့ကော်ဝတ်ရည်စာပေ</u>

အမှတ်-၂၂၊ မဟာဓေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၆၅၈၀၊ ၀၉-၇၃၀၄၁၁၃၇

**email: kantkawwutyee@gmail.com**

**http://kantkawwutyee.myanmaronlinesales.com**

တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အင်းစိန် နရသိန် ပစ္စက္ခရစ်••• တဲ့

ကောင်းလိုက်တဲ့ နာမည်•••။ ထွက်ခဲ့သမျှ ထောင်ဝတ္ထု၊ ထောင်အတွေ့အကြုံ စာအုပ်တွေထဲမှာ အကြောင်းအရာနဲ့ ကွက်တိခွင်ကျ လိုက်ဖက်လှတဲ့ နာမည်ပါပဲ။ ရင်ထဲကို လှုပ်သွားစေတဲ့ နာမည်။ ထူးခြားနေတာက သူတို့ ပေးထားတဲ့ ခေါင်းစဉ်ဟာ ဒေါသနဲ့ ရန်လိုမှု မမြင်ရဘဲနဲ့တောင် သစ္စာအလှနဲ့ ချွန်မြနေခြင်းပါပဲ။ 'အင်းစိန် နရသိန် ပစ္စက္ခရစ်' တဲ့။

ဟုတ်လိုက်လေ••• ။

တကယ်တော့ အမှာ မလိုအပ်တဲ့ စာအုပ်ပါ။

စာရေးဆရာ နှစ်ယောက်လုံးက တောင်းဆိုလာတဲ့အခါ အသက်အရွယ်အရ ရှေ့က အရင်ရောက်နှင့်သူ၊ နေရာစောစော ရထားသူပီပီ မျိုးဆက်သစ်များအပေါ် နွေးထွေးလိုတဲ့ စိတ်ရင်းနဲ့အတူ မနေနိုင် မထိုင်နိုင် ဝင်ပြောချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာတာကြောင့် အမှတ်တရ အမှာကို ရေးလိုက်ရပါတယ်။

စာဖတ်သူတို့ရဲ့ ယေဘုယျ သဘောသဘာဝအတိုင်း အမှာ ဆိုတာ အကျော်ခံမှုန်း သိပါတယ်။

သည်ဝတ္ထု နှစ်ပုဒ်မှာ ဘယ်စာမျက်နှာကို ဆွဲလှန်ဖတ်မိသည် ဖြစ်စေ၊ စ လယ် ဆုံး လက်မချစတမ်း၊ မျက်နှာမခွာစတမ်း သဲသဲမဲမဲ ဖတ်ကြတော့မှာလည်း သေချာပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

လက်ကျလက်န ထက်ရှလှတဲ့ မာန်(တောင်လုံးပြန်)ရဲ့ 'မြို့ထောင်ချောက်' ဆိုရင် အင်းစိန်ထောင်မှာ ဆယ်စုနှစ် တစ်ခေတ်နီးပါး နေခဲ့တဲ့ ကျွန်မပင်လျှင် အတော်မသိသေးတဲ့ ကိစ္စတွေ ဖြစ်နေပါတယ်။

စားဝတ်နေရေးအတွက် အလုပ်တစ်ခုတည်းနဲ့ မလုံလောက်လို့ ညနေဘက် နာရီပိုင်းလောက် ခိုးကူးခွေ ဖောက်သည် ယူရောင်းမိရာက စီမံချက်နဲ့ တိုးပြီး အဖမ်းခံရတဲ့ လူငယ်တစ်ယောက်ရဲ့ ပကတိအဖြစ်မှန်ဟာ ယနေ့နိုင်ငံတော်ရဲ့ တရားဥပဒေစိုးမိုးရေး စံနှုန်း၊ ဌာနဆိုင်ရာတွေနဲ့ အဂတိလိုက်စားမှု ပုံရိပ်မည်းတွေကို ရိုးရှင်းစွာ ဖွင့်ချခဲ့လိုက်တာ ဖြစ်ပါတယ်။

အသက်တစ်ရာ မနေရပေမယ့် အမှုတစ်ရာ မဟုတ်တောင် တစ်မှုတလေ ကြုံရရုံနဲ့ ရဲအချုပ်၊ တရားရုံး၊ ထောင် ဆိုတဲ့ အရှုပ်ထုပ် ထောင်ချောက်တွေကြား ညပ်ပြီး ကစဥ့်ကလျား ဖြစ်ကြရတဲ့ ဘဝတွေကို မျှဝေခံစားရပါလိမ့်မယ်။

အဖမ်းခံချိန်ကစပြီး ထောင်ကလွတ်တဲ့အထိ တွေ့ကြုံရသမျှကို အသေးစိတ် ပြောပြတဲ့ ကာယကံရှင် ကိုဝေလင်းနဲ့အတူ ရင်နဲ့ နှလုံးသားနဲ့ ခံစားပြီး အနုပညာ အတတ်ပညာကို ပီပြင်စွာ ဖန်တီးတင်ပြပေးတဲ့ ဆရာမာန် (တောင်လုံးပြန်)ရဲ့ အားထုတ်မှုကို အနုမောဒနာပြုရပါတယ်။

ချို့နွယ်ဦးရဲ့ ဒုတိယလက်ရာ ဖြစ်တဲ့ 'အင်းစိန် နရသိန် ပစ္စန္တရစ်' ကတော့ သူ့မှု သူ့ဟန်အတိုင်း အရေးသွက်သွက်၊ အတွေးထက်ထက်နဲ့ နိုင်ငံရေး အကျဉ်းသူ ထောင်ကျတိုက်ပိတ်ဘဝကို စေ့စေ့ငငမှတ်တမ်းတင်ပြလိုက်တာ ပါပဲ။ ကာလ အကန့်အသတ် တစ်ခုတည်းမှာ ခေတ်ပြိုင် ထောင်ကျဖော် ထောင်ကျဖက် နိုင်ငံရေး အကျဉ်းသူများရဲ့ ထောင်တွင်း နေထိုင်မှု ပုံစံသာမက အမူပေါင်းစုံလှစွာသော မြန်မာအမျိုးသမီး အကျဉ်းသူများရဲ့ ပုံရိပ်ကိုပါ ဆွဲထုတ်ဖော်ပြထားတဲ့ မှတ်တမ်းတစ်ခု ဖြစ်ပါတယ်။

ရောက်တဲ့အရပ်မှာ ပျော်အောင် မနေနိုင်ကြတာ အမှန်ဖြစ်ပေမယ့် ထောင်ထဲမှာ ကြုံသမျှကို ရယ်ပွဲဖွဲ့ပြီး ရင်ဆိုင်နိုင်စွမ်းဟာ ချို့နွယ်ဦးရဲ့ အရည်အသွေးပါပဲ။ နောက်မှသာ မောချင်မော၊ အဦးဆုံးတော့ ဝါးလုံးကွဲလုခမန်း ရယ်ချလိုက်ကြတဲ့ အလေ့အထကို ချို့နွယ်ဦးဆီက ကျွန်မတို့ သင်ယူခဲ့ရတာပါ။ ရယ်မောခြင်းဟာ ရင်ထဲပေါ့ပြီး ခေါင်းထဲ ကြည်သွားစေတဲ့ ရလဒ်ကလည်း အလွန် အာနိသင်ထက်လှပေတာကိုး။

mgyoe.com

mgyoe.com
SAMPLE BOOK


'အထုပ်ကြီးနဲ့ ထောင်ဒဏ် ၇ နှစ်' ဆိုတာ ချိုနွယ်ဦးရဲ့ လက်သုံးစကား။ ကျွန်မတို့အားလုံးရဲ့ နှုတ်ဖျားမှာ ရေပန်းစားခဲ့ပါတယ်။ လူတစ်ယောက် ထောင်ကျတဲ့ကိစ္စဟာ တစ်မိသားစုလုံး ပြစ်ဒဏ်ခံရသလိုပါပဲလို့လည်း ခံစားရပါတယ်။ ပြစ်မှုနဲ့ ပြစ်ဒဏ် မျှ၊ မမျှ ဆိုတာလည်း သမိုင်းက သက်သေခံပါတယ်။ သမိုင်းမှာ မှတ်တမ်း ကြွင်းမကျန်ရစ်ရအောင် ချိုနွယ်ဦးရဲ့ စေတနာ တာဝန်ကျေမှုကို ကောင်းချီးပေး ထောမနာပြုရပြန်ပါတယ်။

ဘယ်အမှုနဲ့ဖြစ်ဖြစ် ထောင်ကျလာရင် ထောင်ထဲမှာ 'လူ'ကို 'လူလို' မမြင်နိုင်၊ မဆက်ဆံနိုင်ကြတာ အဖြစ်မှန်ပါ။ 'လူ့အရာကျ'တွေ ဖြစ်သွားပါတယ်။

ထောင် ဆိုတာ အနိုင်ကျင့်ဖို့၊ လက်စားချေဖို့ ဆိုတဲ့ မမြင်သာတဲ့ ရည်ရွယ်ချက်တွေနဲ့ တည်ဆောက်ထားတာမျိုး မဖြစ်စေချင်တော့ပါ။ ပညာမတိုး၊ အသိဉာဏ် မဖွံ့ဖြိုး၊ နောင်တတရား ဘယ်တော့မှ မရနိုင်တဲ့ ထောင်ရဲ့ သရုပ်သကန်ကို ပြန်အဖတ်ဆယ်သင့်ပြီလို့ သဘောတူညီမှု ရကြတယ် ဆိုရင်ပဲ 'အင်းစိန် နရသိန် ပစ္စန္တရစ်'ကို ရေးသား မှတ်တမ်းတင်သူများနဲ့အတူ ကျွန်မ အားလုံးကို ကျေးဇူးတင်ရမှာပါ။

ချစ်ခင်လေးစားစွာဖြင့်
စမ်းစမ်းနွဲ့(သာယာဝတီ)

mgyoe.com

mgyoe.com SAMPLE BOOK

# ချွေးတို့ဖြင့် စက်စက်နစ်ခြားလည်း ရေးဖြစ်အောင် ရေးရသည့် အမှာစာ

ချိုနွယ်ဦး၊ မာန်(တောင်လုံးပြန်)တို့က သူတို့ရဲ့ 'အင်းစိန် နရသိန် ပစ္စန္တရစ်' နဲ့ 'မြို့ထောင်ချောက်' စာအုပ်အတွက် အမှာစာ ရေးပေးပါ ဆိုတော့ ကျွန်တော် ချွေးပြန်သွားတယ်။ သူတို့နှစ်ယောက် ရေးတဲ့ အကြောင်းက အင်းစိန်ထောင် အကြောင်း၊ အင်းစိန်ထောင် ဆိုတာမျိုးက ရှိတော့ ရှိတယ်၊ ရှားတယ် ဆိုတဲ့ ထောင်မျိုး မဟုတ်ဘူး ထင်တယ်။ ကမ္ဘာပတ်ရှာရင်တောင် မတွေ့နိုင်တဲ့ ထောင်မျိုးလို့ ပြောရမလား မသိဘူး။ အင်း… ဒီသကြင်္န်အတွင်း အပြီးရေး ပေးပါ့မယ်လို့ ကတိပေးထားပြီးပြီ။ ရာသီဥတုက သိတော်မူကြတဲ့အတိုင်း ဘယ်လိုမှ စာရေးလို့ မဖြစ်လောက်အောင် ပူတာ။

ပြီးတော့ ခေါင်သူကြီး စမ်းစမ်းနွဲ့(သာယာဝတီ)နဲ့ ချိုနွယ်ဦး အပါ အဝင် အမျိုးသမီး အကျဉ်းသူ ဆယ်ဦး ရေးသွားတဲ့ 'နေဒဏ်ခံ ပန်းသတင်း' ကို ပြန်သတိရ၊ ခု ဖတ်ပြီးသွားတဲ့ နှစ်ပုဒ်ကလည်း သူ့ထက်ကဲ ရွှေပြည်စိုး 'အင်းစိန် နရသိန်'ရဲ့ ငရဲခန်းများ။

ဧပြီ ၁ ရက်နေ့ကစပြီး အိမ်မှာ အဲကွန်းကို သူ့အခန်း၊ ကိုယ့်အခန်း ခွဲတမ်းနဲ့ ဖွင့်နေရချိန်။ အပူချိန်က တစ်ရာကျော်၊ နေဒဏ်ခံတဲ့၊ နရသိန် ငရဲခန်းတဲ့၊ ချွေးမပြန် ခံနိုင်ရိုးလားဗျာတို့။

♦

mgyoe.com

mgyoe.com SAMPLE BOOK 

နယ်ချဲ့ အင်္ဂလိပ်ခေတ်တွင် ထောင်နန်းစံ သခင် နိုင်ငံရေးသမားကြီးများ၏ ထောင်အတွေ့အကြုံတွေကို ဝိုးတဝါး မှတ်မိနေပါသည်။ လွတ်လပ်ရေးရပြီးနောက် ထွက်သည့် 'ထောင်နှင့်လူသား'လို၊ 'ဆယ်ကြိမ်မြောက် အလည်ရောက်ခြင်း' လို အင်းစိန်ထောင်အကြောင်းများကိုလည်း ဖတ်ဖူးပါသည်။ ဘီကလပ်စ်တည်း ဟူသော နိုင်ငံရေး အကျဉ်းသားများ၏ ထောင်တွင်း ရပိုင်ခွင့်အကြောင်း ကျွန်တော် မှတ်မိနေသည်။

'နေဒဏ်ခံ ပန်းသတင်း'ကို ဖတ်ပြီးတော့၊ နောက်... 'အင်းစိန် နရသိန် ပစ္စန္တရစ်' နဲ့ 'မြို့ထောင်ချောက်'ကို ဖတ်ပြီးတော့ မယုံကြည်နိုင်အောင် ဖြစ်ရသည်။ လူလူချင်း ရက်စက်သည့် စစ်အစိုးရ အကျဉ်းထောင်စနစ်နှင့် တရားရေးစနစ်တို့သည် ကမ္ဘာ့အလယ်တွင် ရက်ဖွယ်လိလိ တရားမဲ့လွှမ်းနေပါကလား။

ကြည့်ပါဦးဗျာ... နုနုနယ်နယ် မိန်းကလေးတွေကို ထောင်ထဲရောက်ရောက်ချင်း တိုက်ပိတ်သတဲ့။ ခုနစ်နှစ် ကျသည့် သူတို့ အကျဉ်းသူကလေးတွေကို ဝင်တဲ့ နေ့ကစ လွတ်တဲ့နေ့အထိ 'တိုက်'ထဲတွင် နေခဲ့ရသည်တဲ့။

အံ့သြကုန်နိုင်ဖွယ်များထဲတွင် ထိုမိန်းကလေးတို့၏ ဖွဲ့နှင့် ခံနိုင်ရည်ရှိပုံ၊ ဒုက္ခကို ဟာသနှင့် ချေဖျက်ပုံတို့မှာ ရင်ထုမနာဖြစ်စရာများ ဖြစ်သည်။ လေးစားစရာ ကောင်းလှသည်။ သူ စီရင်ချက်ချခံရသည့်နေ့အကြောင်း ချို့နွယ်ဦး ရေးပုံ ကြည့်ပါ။

*နောက်တော့ ထောင်ချတယ် ဆိုပါတော့။ ၇ နှစ် ချလိုက်တာ။ အဲဒီအချိန်တုန်းက ၇ နှစ် ဆိုတာ ကြမ်းခင်းဈေးပဲ။ တရားသူကြီးက '၇' အလီ ကျက်ထားရင် ရပြီ။ တစ်မှုကို ၇ နှစ်၊ နှစ်မှုကို ၁၄ နှစ်။ ၇ × ၁ လီ = ၇။ ၇ × ၂ လီ = ၁၄။ ၇ × ၃ လီ = ၂၁။ ၇ × ၄ လီ = ၂၈။*

*အမိန့်ချတဲ့နေ့မှာ မော်တော်ဆိုင်ကယ်နဲ့ လူတစ်ယောက် တရားသူကြီးကို စာအိတ်တစ်အိတ် လာပေးတယ်။ ဒါနဲ့ ဖွင့်ဖတ်ပြီး '၇' နှစ် ဖြစ်သွားတာပဲ။ ကျွန်မတို့ကလည်း နည်းနည်းမှ မဖြုံပေါင်။ အဲဒီ အ.က.စ (အကျဉ်းဦးစီး) မှောရုံကနေ အင်းစိန်ဘူးဝကို T2000 ကားနဲ့ အပြန်လမ်းမှာ စောင့်နေတဲ့ မိဘ ဆွေမျိုး၊*

mgyoe.com

*သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်တွေကို လက် ခုနစ်ချောင်း ထောင်ပြပြီး '၇' နှစ် '၇' နှစ်နဲ့ သံချပ်ထိုးသွားတာ'*

ချို့နွယ်ဦးက ရေး နှစ်ရေး (ထောက်လှမ်းရေးနဲ့ တရားစီရင်ရေး) မတရားစီစဉ်သွားပုံကို ခပ်ရှင်းရှင်း ရေးပြသွားတယ်။

မိန်းကလေးတွေ အလျှို အလျှို ရောက်လာလိုက်ကြတာ။ တိုက် ၁၀ ခန်း ရုံပြည့်သွားရောတဲ့။

*ရေချိုး၊ လမ်းလျှောက် တစ်ခန်း ၁၅ မိနစ် ကာတွန်းကားကို အမြန်ရစ်ပြီး ပြသလို ကျွန်မတို့အားလုံး အလျင်အမြန် လှုပ်ရှားရပါတော့တယ်။*

ဟုလည်း ချို့နွယ်ဦးက တိုက်ပိတ်ခံ အကျဉ်းသူကလေးတို့ရဲ့ ဘ၀ကို ဟာသနှောပြီး သရုပ်ဖော်ပြသွားပါတယ်။

သင်းတို့ကို အာခံသည့် အကျဉ်းသားတွေ၊ ထောင်စည်းကမ်း ချိုးဖောက်သည့် ထောင်ကျတွေကို အာဏာပိုင်တွေက တိုက်ပိတ် ဒဏ်ခတ်ကြောင်းများ ဖတ်ဖူး မှတ်ဖူးပါတယ်။ ခုတော့ မိန်းကလေးတွေကိုဗျာ… သူတို့ ၅(ည) တွေရဲ့ 'တိုက်'အကြောင်း ချို့နွယ်ဦးက 'နေဒဏ်ခံ'မှာ ဒီလို ရေးသွားပါတယ်။

*၇ ပေခွဲ ၉ ပေ အခန်းထဲမှာ ထည့်ပိတ်ထားပြီး အပြင်က သော့ခတ်ထားတာ၊ စပြီး ရောက်ကတည်းက ပိတ်လိုက်တဲ့ အပိတ်။ လွတ်တော့မှပဲ သော့ဖွင့်ပေးပြီး ထွက်ခွင့်ရတော့တယ်။ ထောင်ကျခါစက မနက် ၁ နာရီ၊ ညနေ ၁ နာရီ ရေချိုး လမ်းလျှောက်ချိန် ရလိုက်သေးတယ်။*

ဘယ်လောက် ပူပူ၊ ဘယ်လောက် အိုက်အိုက်၊ တစ်နေ့ တစ်ခါပဲ ရေချိုးရသတဲ့။ မနက် ချိုးရင် ညနေ No ပဲတဲ့။ ဒီအခန်းထဲ ရောက်စနေ့ အကြောင်း ချို့နွယ်ဦး ရေးပုံကိုလည်း ကြည့်ကြပါဦး။

ချို့နွယ်ဦးကို ရေအိုးတစ်လုံးနဲ့ အင်တုံကြီး တစ်လုံး ပေးတယ်တဲ့။ နောက်တော့မှ အပေါ့ အလေးသွားဖို့ ဆိုတာ သိသတဲ့။

*'ဘယ့်နှယ်လုပ်ပြီး ဒါကြီးနဲ့ အီးပါ၊ ရှူးပေါက် လုပ်လို့ ရမှာလဲ။ ရီဟာဇယ် လုပ်ကြည့်တော့လည်း အဆင်မပြေ၊ စစ်ကြောရေးမှာ ခံရတာက ဘာမှ မဖြစ်စလောက်။ အင်တုံကြီးနဲ့ တွေ့တော့မှ ချွေးသီးချွေးပေါက် ကျတော့တယ်။'*

mgyoe.com

mgyoe.com SAMPLE BOOK 

လို့ အစချိုပြီး မနေနိုင်လို့ ဆီးသွားကြည့်တော့ မျက်နှာ ပြန်စဉ်ပုံကိုပါ ရင်ဖွင့်ပြီး ရေးပြသွားပါတယ်။ တစ်ယောက်တည်းပေမယ့် ခမျာ ရှက်လို့ မဆုံးဘူးတဲ့လေ။ ရေအိုးကတော့ သောက်ဖို့၊ ဆေးဖို့။ မိန်းကလေးတို့ရဲ့ ဘာညာ ဘာညာ ကိစ္စအတွက် သုံးရန်တဲ့။ သည်ကလေးမတွေအားလုံး နိုင်ငံရေးမှုနဲ့ ကျကြတာပါ။

ဩော်… နယ်ချဲ့အင်္ဂလိပ် ဆိုသော တိုင်းတစ်ပါးသားများ လက်ထက်၊ ပြီးတော့ ဖ-ဆ-ပ-လ အစိုးရ လက်ထက် နိုင်ငံရေး အကျဉ်းသားများ ရခဲ့တဲ့ ဘီကလပ်စ်အကြောင်း ကျွန်တော် ပြန်တွေးနေမိပါတယ်။ ချိုနွယ်ဦး စာမူနဲ့ ပတ်သက်ပြီး သည်မျှလောက်ပဲ ကျွန်တော့်စကား ပြီးသွားသင့်ပါတယ်။ စာဖတ်သူများအတွက် ချန်ထားဦးမှ။

ဆရာမာန်ကတော့ ထောင်ကျတစ်ယောက်အကြောင်း အတွင်းကျကျ ရေးထားပါတယ်။ အင်း… စစ်အစိုးရလက်ထက် အင်းစိန်ထောင်အကြောင်း က ရေးဖွဲ့လို့ မကုန်နိုင်အောင်ပါလားဗျာတို့။

မာန်(တောင်လုံးပြန်)၏ 'မြို့ထောင်ချောက်'တွင် လူတွေ(ထောင်ကျတွေ)ကို တိရစ္ဆာန်စိတ်ဝင်လာအောင်၊ တိရစ္ဆာန်ဘဝရောက်အောင် ထောင်က သင်ကြားပေးပုံမျိုး ဖတ်ရသည်မှာ ကြက်သီးမွေးညင်း မထဘဲ မနေနိုင်ပါ။ ကြီးနိုင်ငယ်ညှဉ်း၊ နိုင်ရာစား ထောင်တွင်းဘဝဟာ တောရိုင်းသတ္တဝါ မခြား ရှိနေတာပါလား။

*'အချုပ်ကားပေါ် ရောက်တာနဲ့ ကျွန်တော်တို့ စအဖြံခံရတော့တာပဲ။*
*ခြေချင်းဝတ်တွေက စဖြံတာပါ'*

ငါးထောင်က စတောင်းသတဲ့။ ဘာခေါင်းစဉ်နဲ့မှ မဟုတ်ဘူး။ သက်သက် လူသစ်တွေကို မိုက်ကြေးခွဲတာ၊ သာတီးဒီတွေတော့ မပါဘူးတဲ့။ သာတီးဒီ၊ ဘောက်ချာဖြတ် စတဲ့ ထောင်ဝေါဟာရတွေကိုလည်း စိတ်မသက်မသာနဲ့ မှတ်သားရပါတယ်။

ပိုက်ဆံ ခိုးသွင်းပုံ ခိုးသွင်းနည်းတွေကလည်း စုံပါဘိ။ ပိုက်ဆံကို ပလတ်စတစ်နဲ့ ကျစ်ကျစ်ပါအောင် လိပ်ပြီး နှာခေါင်းထဲ သွင်းသတဲ့။ စအိုထဲ ထည့်သတဲ့။ ဒါက လမ်းကြောင်းနဲ့ မသွားချင်သူတွေ၊ တတ်နိုင်တဲ့ လူတွေကျ တော့ လမ်းကြောင်း ဝင်သတဲ့။ ဈေးက ၁၀၀၀ိ/- ကို ၂၀ဝိ/- တဲ့။ ဒါက ထောင်ဝန်ထမ်းတွေရဲ့ ခွင်တဲ့။

mgyoe.com

mgyoe.com
SAMPLE BOOK

ဘာရာတွေ အကြောင်း၊ သူကြီးနဲ့ ဘောင်ချာအကြောင်းတွေလည်း ပီပီပြင်ပြင်ပါပဲ။ ထောင်ဝင်စာ မလာတာ နှစ်ချီကြာတဲ့ ထောင်ကျများ ကျတော့လည်း ပလက်စတစ်အိတ်တွေ ကောက်ပြီး ထမင်းနဲ့ လူးစားကြသတဲ့။ ထောင်ဝင်စာ လာတဲ့ လူတွေဆီက ဟင်းလျာထုပ်လာတဲ့ အိတ်တွေကို လွှင့်ပစ်တော့ လိုက်ကောက်ကြတာတဲ့လေ။


'ရုပ်ပေါက်'တွေ အကြောင်း ဖတ်ရတာလည်း ကျောချမ်းစရာ အတိပါ။ ကြီးနိုင်ငယ်ညှဉ်းက တစ်မျိုး၊ အ·က·စ အရာရှိတွေကို ပသရတာ တစ်မျိုး၊ ငိုစား ရယ်စား၊ မျက်ရည်ပေါက်တွေပေါ် ဖြတ်ကျော် လျှောက်သွားနေတဲ့ ဝန်ထမ်းတွေ။

ဆရာမာန်နဲ့ ချို့နွယ်ဦးရေ… ခင်ဗျားတို့ စာအုပ်ကို မိုးတွင်းမှ ဖြန့်ဗျာ။ စာဖတ်သူတွေ ပူလောင် မွန်းကျပ်ပြီး အသက်ထွက်ကုန်မှာစိုးလို့ပါ။

တင်မောင်မြင့်

mgyoe.com

mgyoe.com SAMPLE BOOK



# အင်းစိန် နရသိန် ပစ္စန္တရစ်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ပို့ပြီဟေ့ အင်းစိန်ထောင်

နေ့လယ် ၂ နာရီ ဒါမှမဟုတ် ၃ နာရီ အဲဒီကြား အင်းစိန်ထောင်ဖူးဝကို ရောက်တယ်။ အောင်သပြေမှာ စစ်ကြောရေးအပြီး အင်းစိန်ထောင်ကိုပို့တာ။ လမ်းမှာ အင်းစိန်ဈေးလို့ပြောတယ်။ အဲဒီမှာ လုပ်နေတဲ့ ထောက်လှမ်းရေးတွေဝင်ပြီး LUX ဆပ်ပြာတစ်တုံး၊ ပလတ်စတစ်ရေချိုးခွက်တစ်ခွက်၊ မိန်းမစီးညှပ်ဖိနပ်တစ်ရံ ထည့်ပေးလိုက်တယ်။ ကျွန်မရဲ့ ဖိနပ်နဲ့ လက်ဝတ်လက်စား ဘာလေးညာလေးတွေကို ကျွန်မ အိမ်ကို ပြန်ပို့ပေးလို့ပြောပြီး သိမ်းသွားတယ်။ တကယ်လည်း မိဘများကို ပြန်ပေးပါတယ်။ တစ်ခုမှ မပျောက်ပါဘူး။ ဒါလည်း ထည့်တော့ပြောရဦးမယ်။ ဒီမတိုင်ခင်က အဖိုးတန်ပစ္စည်းဆို ပြန်မရဘူးလို့ ကြားဖူးလို့ပါ။ ကျွန်မပစ္စည်းတော့ တစ်ခုမကျန် ပြန်ရပါတယ်။

ထောင်ဘူးဝ ရောက်တော့ ဒေါ်မူမူအောင်(တပ်ကြပ်) သူက ကျွန်မလက်ဆွဲပြီး 'ဘာပါလဲ' လို့ မေးတယ်။ ကျွန်မလည်း 'ဘာမှမပါဘူး' လို့ ပြောလိုက်တယ်။ (တိုက်တိုက်ဆိုင်ဆိုင် အဲဒီဒေါ်မူမူအောင်ဟာ ကျွန်မ ထောင်ကို စရောက်ရောက်ချင်းမှာ ဆုံခဲ့ရသလို ကျွန်မလွတ်တော့ သူမ ထောင်မှူးမဘဝနဲ့ လွှတ်ပေးရတာ။ သူက ဝမ်းသာလို့ မျက်ရည်တောင်ကျပါတယ်)

ကျွန်မကို တပ်ကြပ်ဒေါ်မူမူအောင်က ခေါ်သွားပြီး ထောင်မှူးမ ဒေါ်ခင်ခင်ဝင်းလက်ကို အပ်ပါတယ်။ ထောင်မှူးမ ဒေါ်ခင်ခင်ဝင်း၊ တပ်ကြပ် ဒေါ်မူမူအောင် နှစ်ယောက်စလုံး မျက်နှာမကောင်းကြပါဘူး။ ဒေါ်ခင်ခင်ဝင်းက ကျွန်မကိုကြည့်ပြီး

mgyoe.com

mgyoe.com

'ငယ်ငယ်လေး ရှိသေးတာပဲ' လို့ဆိုပြီး တော်တော်စိတ်မကောင်းတဲ့ မျက်နှာနဲ့ အချုပ်ထောင်ကို ခေါ်လာပါတယ်။ အမှန်ကတော့ အဲဒီအချိန်မှာ ကျွန်မ အသက် ၂၈ နှစ် ရှိပါပြီ။ လူပုံက နုပြီး ငယ်နေတဲ့ပုံပေါက်နေလို့ပါ။

ဝန်ထမ်းအမျိုးသမီးတွေကလည်း ကျွန်မကို 'ဘယ်နှတန်းလဲ'၊ 'ခုနစ်တန်းလား'၊ 'ရှစ်တန်းလား' နဲ့ ဝိုင်းမေးကြပါတယ်။ ကျွန်မက ဘွဲ့ရပြီးကြောင်းပြောမှ 'ဟော ငါတို့က နင့်ကို ကလေးမှတ်လို့' ဆိုပြီး ပြောတယ်။ အရင်ရောက်နှင့်နေတဲ့ အေးအေးမိုးနဲ့ မိုးကလျာဦးကိုလည်း သူတို့က အဲဒီလိုပဲ ထင်ကြတယ်လို့ ပြောတယ်။ နှစ်ယောက်စလုံး တက္ကသိုလ်ကျောင်းသူတွေလို့ သိရတော့ အံ့သြကြလို့တဲ့။

ဒါနဲ့ ကျွန်မကို ထည့်ပိတ်မယ့် အခန်းကို အချုပ်ဆောင်က အမျိုးသမီး အချုပ်သူတွေနဲ့ သန့်ရှင်းရေး လုပ်ကြပါတယ်။ သောက်ရေအိုးတစ်လုံး၊ သုံးရေအိုး တစ်လုံး၊ စဉ့်အင်တုံတစ်လုံးနဲ့ ဖျာစုတ်တစ်ချပ် ရောက်လာပါတယ်။ သံပန်းကန်ပြား တစ်ချပ်၊ လက်ကိုင်ကိုင်းပါတဲ့ သောက်ရေခွက်တစ်လုံးပါ ပါသေးတယ်။ ကျွန်မက အဲဒီသံပန်းကန်ကို သောက်ရေအိုးပေါ်တင်ပြီး သောက်ရေခွက်လေးပါ မှောက်တင် လိုက်ပါတယ်။ ခဏနေတော့ ထမင်းလာပို့ပါတယ်။ ဒါနဲ့ ကျွန်မက ထမင်းပန်းကန် ကိုကြည့်ပြီး 'ထောင်မှာ ညနေဘက် ထမင်းကြော် ကျွေးတာလား' လို့မေးတော့ ထမင်းလာပို့တဲ့ မိန်းမက မျက်လုံးပြူးကြည့်ပြီး 'နင်တို့ကို စကားပြောခွင့်မရှိဘူး' လို့ ပြောပြီး ထွက်သွားပါတယ်။

အမှန်တော့ ထမင်းတွေက အဖြူရောင်မဟုတ်ဘဲ ညိုတိုတိုနဲ့မို့လို့ ပဲင်ပြာ ရည်နဲ့နယ်ပြီး ကြော်ထားတယ်ထင်လို့ မေးမိတာ။ ဒါနဲ့ တစ်ဆက်တည်း အင်မတန် ဆိုးရွားလှတဲ့အနံ့နဲ့ ပြည့်စုံတဲ့ ငါးပိတစ်ပုံပါ မြင်လိုက်ရတဲ့အခါ တအားလန့်သွားပြီး အဲဒီထမင်းပန်းကန်ကို ကိုယ်နဲ့အဝေးဆုံးနေရာမှာ နေရာချထားလိုက်ပြီး အခန်းထောင့် မှာ ကပ်နေမိပါတယ်။ အဲဒီအချိန်အထိ ကျွန်မ ဖျာပေါ်မှာတောင် မထိုင်နိုင်သေးပါဘူး။

ဖျာရဲ့ ကြန်အင်လက္ခဏာကို စာဖွဲ့ရမယ်ဆိုရင်တော့ ဖျာဟာ လူတွေ အိမ်မှာသုံးတဲ့ နီးချောဖျာ မဟုတ်ပါဘူး။ အင်မတန်မှ ကြမ်းတဲ့ ဝါးကြမ်းဖျာလို့ ပြောရပါမယ်။ အနားကွပ်တွေ မရှိတော့ပါဘူး။ မူလက ဘာအရောင်ဆိုတာပြောလို့ မရပါဘူး။ အိပ်ဖို့နေနေသာသာ ထိုင်တောင်မထိုင်ရဲပါဘူး။ လှူပြည်က အခုမှရောက် လာတာဆိုတော့ စစချင်း ကြီးကျယ်နေသေးတာပေါ့။ အင်တုံကြီးကိုကြည့်ပြီးတော့ လည်း နားမလည်နိုင်သေးပါဘူး။ ဒါကြီးက 'ဘာလုပ်တာပါလိမ့်' ကိုင်လည်း မကြည့်ရဲဘူး။ အရာအားလုံးကို ရွံရှာတဲ့စိတ်က ကြီးစိုးနေသေးတာကိုး။

mgyoe.com

နောက်တော့မှ ဒါကြီးနဲ့ အပေါ့ အလေး သွားရမှာဆိုတာလည်း သိရော 'သောက်ကျိုးနည်း ဘယ့်နှယ်လုပ်ပြီး ဒါကြီးနဲ့ အီးပါ၊ ရှူးပေါက် လုပ်လို့ရမှာလဲ' ရိုပဟာဇယ်လုပ်ကြည့်တော့လည်း အဆင်မပြေ။ စစ်ကြောရေးမှာ ဘာမှမဖြစ်သလောက် ဒီအင်တုံကြီးနဲ့ တွေ့တော့မှ ချွေးသီးချွေးပေါက် ကျတော့တယ်။

နောက်တော့လည်း မနေနိုင်တော့ ဆီးသွားကြည့်တာ ကိုယ့်ဆီးက ကိုယ့်ပြန်စင်တာ မျက်ခွက်ရော ဘာရော။ ရေတောင်ချိုးချင်စိတ်ဖြစ်တယ်။ အောင့်ထားရတာကြာတော့ အရှိန်ပြင်းသွားတယ်နဲ့တူတယ်။ အခန်းထဲ ဘယ်သူမှမရှိလို့ပဲ။ အဲဒီအင်တုံကြီးနဲ့ သွားရတာကို တစ်ယောက်တည်း ရှက်လို့ကို မဆုံးနိုင်ဘူး။ ဒါတစ်ခုနဲ့တင် အီစလံဝေတော့တာပဲ။ 'ကဲ မိလ္လာကိစ္စ ခဏထားလိုက်ဦး' ခုနက ဖျာကြီးဆီ ဆက်လိုက်ကြရအောင်။

ဖျာပေါ်မှာ မထိုင်ရဲတော့ ဖိနပ်လေးဖင်ခုပြီး ထိုင်နေတဲ့အချိန်မှာ တန်းစီးဆိုတဲ့ မိန်းမကြီး ရောက်လာတယ်။ သူက အလွန်ချိုသာသော မျက်နှာထားနဲ့ ကျွန်မကို စောင်တစ်ထည် လာပေးပါတယ်။ စောင်လေးက ဖြူဖွေးနေတာပဲ။

"သမီးရေ ဒီမှာ စောင်အကောင်းဆုံးလေး ရွေးယူလာခဲ့တယ်၊ သမီးခြုံဖို့၊ နောက်တော့မှ အန်တီ့ကို ပြန်ပေး"

လို့ လက်ညှိုးနဲ့ လက်မကို ဝိုင်းပြတယ်။ (ပြန်ပေးဆိုတာ ပိုက်ဆံကိုပြောတာ) ဒါနဲ့ ကျွန်မက 'အဒေါ့်စောင်ကိုတော့ လိုချင်ပါတယ်၊ ကျွန်မမှာ ပိုက်ဆံမပါဘူး' လို့ ပြောတော့ 'ဒါတွေက နောက်တော့ ဖြစ်လာလိမ့်မယ် ယူသာထား' ဆိုပြီး စေတနာတွေ တစ်ပြုံကြီးဆိုတဲ့ ရုပ်ကြီးနဲ့ ထွက်သွားပါတယ်။ အဲဒီတန်းစီးမိန်းမကြီးက ဘိန်းဖြူ အကြီးအကျယ်ရောင်းတဲ့ မိန်းမကြီးပါ။ သူ့ယောက်ျား၊ သားသမီး အကုန်လုံး ထောင်ထဲမှာ။ ကျန်ခဲ့တဲ့လူတွေကလည်း ဒီအလုပ်ကိုပဲ ဆက်လုပ်နေတယ်ဆိုတာ နောက်မှ သိရတာပါ။ ဘာပဲဖြစ်ဖြစ် အဲဒီစောင်ကို ဖျာပေါ်မှာတင်ပြီး ခင်းလိုက်တော့ ကျောချစရာတော့ ရသွားတာပေါ့။

## အချုပ်တိုက်ရဲ့ပုံစံ

ကျွန်မရဲ့တိုက်ခန်း အဝင်ဝတံခါးက ရင်ကွဲတံခါး နှစ်ချပ်ကိုစေ့ပြီး အပြင်က ရောမ မင်းတုန်းကြီးထိုးပြီး ရောမသော့ကြီးခတ်ထားတာပါ။ အဲဒီတံခါးကို ရှေ့ကို တွန်းလိုက်ရင် ပွင့်မသွားပေမယ့် အချုပ်ဆောင်ရှေ့နဲ့ အဆောင်ဟောထဲကို နည်းနည်းမြင်ရပါတယ်။ အခန်းရဲ့နောက်ဘက်မှာ အခုံးဝိုင်းကြီးနဲ့ ရောမ သစ်သားပြတင်းပေါက်ကြီးရှိပြီး အပြင်ကနေ သစ်သားချောင်းတွေနဲ့ ကလန့်ပြီး ပိတ်ထားပါ

mgyoe.com

mgyoe.com  SAMPLE BOOK 

တယ်။ လုံးဝဖွင့်လို့ မရသလို ချောင်းကြည့်စရာအပေါက်လည်း မရှိပါဘူး။ ဟဲဗီး သစ်သားပြတင်းပေါက်ကြီးကိုကြည့်ပြီး ရုပ်ရှင်ထဲက ဗိမ္မိသာရမင်းကြီးတောင် သွား သတိရလိုက်ပါသေးတယ်။ သူကတော့ ကောက်ရိုးတွေ ဘာတွေခင်းလို့ပေါ့။ ကျွန်မ မှာတော့ ဖျာစုတ်တစ်ခုပဲ ရှိတာပါ။ ကျွန်မရဲ့ဘေးကပ်လျက်အခန်းမှာ ဘာမှမရှိပါဘူး။ တစ်ခန်းကျော်မှာ အေးအေးမိုးနဲ့ မိုးကလျာဦးကို ထည့်ပိတ်ထားပါတယ်။ သူတို့ အခန်းလည်း ကျွန်မအခန်းလိုပဲ ဖြစ်မယ်လို့ ထင်ပါတယ်။ ကျွန်မရဲ့ နောက်ထပ်ဘေး ကတော့ ဟောဆောင်ပါ။

အခန်းရဲ့ရှေ့မှာ လမ်းလျှောက်တဲ့ သံမံတလင်းရှိပါတယ်။ အဲဒီသံမံတလင်း လမ်းကနေ အဆောင်ထဲကို ဝင်ရတာပါ။ အဲဒီလမ်းရဲ့တစ်ဖက် ကျွန်မအခန်းနဲ့ မျက်နှာချင်းဆိုင်ကတော့ အချုပ်သစ်တွေ ဝင်ဝင်လာချင်း တစ်ညအိပ်ရတဲ့ ပုံစံအခန်း ပါ။ အခန်းမျက်နှာတစ်ခုလုံး သံတိုင်တွေ ကာထားတဲ့အတွက် အားလုံးကို မြင်နေရ ပါတယ်။ သူတို့တွေကျတော့ အပေါ့အလေးသွားဖို့ စဥ့်အိုးအကြီးကြီး နှစ်လုံး ထားပေးထားပါတယ်။ အရည်သတ်သတ်၊ အဖတ်သတ်သတ်တဲ့။ အဲဒီပုံစံခန်းနဲ့ ကပ်လျက်က ရုံးခန်းပါ။ သံဇကာကွက်တွေ ကာထားတဲ့အတွက် အဲဒီအခန်းကို လည်း သေသေချာချာ မြင်ရပါတယ်။

## ညရောက်ပြီ

ဒီလိုနဲ့ တဖြည်းဖြည်း မှောင်စပျိုးလာပါပြီ။ ထမင်းလည်း မစားနိုင်ပါဘူး။ ငါးပိနံ့ကလည်း အတော်ကို နှိပ်စက်နေတာပါ။ ရဲစခန်းအသီးသီးက ပို့လိုက်တဲ့ ပြည့်တန်ဆာမှု၊ ခိုးမှု၊ အချိန်မတော် လမ်းလျှောက်မှု၊ လိမ်လည်မှု စတဲ့ အချုပ်သူ ပေါင်းစုံကလည်း အဲဒီပုံစံခန်းမှာ စည်ကားလို့ နေပါတယ်။ ဒါနဲ့ တော်တီးတော် ခရာမှုတ်သံတွေကြားရပြီး တန်းပိတ်တယ်လို့ ဆိုပါတယ်။ တန်းပိတ်တယ်ဆိုတာ ရှိသမျှ အချုပ်သူ အကျဥ်းသူ အားလုံးကို အဆောင်အသီးသီးမှာထည့်ပြီး အပြင်က သော့ခတ်ထားတာပါ။ အားလုံးကို နှစ်ယောက်တစ်တွဲစီ တန်းစီထိုင်ခိုင်းပြီး 'ဘာယာ' ဆိုတဲ့ အမျိုးသမီးက 'တစ်ပြုံး နှစ်ပြုံး' နဲ့ လူရေတော့တာပါပဲ။ နောက်ပိုင်းရက်တွေ မှာ 'လူပေါင်းမကိုက်ဘူး' ဆိုပြီး ပုံစံထိုင်မပျက်ရတာတွေလည်း ကြုံခဲ့ရဖူးပါတယ်။

ကျွန်မလည်း ကျွန်မအခန်းကနေ ချောင်းလို့ရသရွေ့ ချောင်းကြည့်တာ မြင်သမျှ တွေ့သမျှ အလွန်တရာ ထူးဆန်းလွန်းလို့ အမေနဲ့ အဖေကိုတောင် မလွမ်း နိုင်ပါဘူး။ ဒီလိုနဲ့ တန်းပိတ်ရော ဆိုပါတော့။ ကြည့်စရာလည်း မရှိတော့လို့ မိုးတိုးမတ်တတ်နဲ့ တယ်ညောင်းသကိုး။ ကျောချလိုက်ရုံ ရှိသေးတယ်။ 'ဘုရား

mgyoe.com

mgyoe.com SAMPLE BOOK

ကန်တော့မယ်' ဆိုတဲ့ ဆွဲဆွဲငင်ငင်သံသေးသံကြောင်နဲ့ အော်လိုက်တဲ့အသံကို ကြားလိုက်ရပြီး ငေါက်ကနဲ ထထိုင်မိပါတော့တယ်။

မိန်းမအများကြီးရဲ့ စိန်ရောင်ခြည် ဘုရားရှိခိုးသံကြီးကို ကြားလိုက်ရပါတော့တယ်။ နားဝင်ပီယံလည်း မရှိ၊ ကြည်ညိုဖွယ်ရာလည်း မကောင်းအောင် ဘုရားရှိခိုးစာကို ဆိုနိုင်တာ ဒီတစ်နေရာပဲ ရှိလိမ့်မယ်လို့ ကျွန်မတော့ ထင်မိတယ်။

ဘုရားရှိခိုးလို့လည်းပြီးရော တစ်ယောက်နဲ့တစ်ယောက် စိတ်ပြေလက်ပျောက် စကားတွေ ပြောကြ ဆိုကြနဲ့ တူပါတယ်။ 'ဝေါဝေါ ဝေါဝေါ' နဲ့ အသံတွေဆိုတာ ဆူညံနေတော့တာပဲ။

ဝန်ထမ်းအမျိုးသမီးတွေရဲ့ 'အချုပ်ဆောင် ဆူတယ်၊ တိုးတိုး တိုးတိုး' လို့ အော်ပြီး ကြိမ်လုံးနဲ့ နံရံတွေကို ရိုက်သံကြားရပြီး ဆူဆူညံညံအသံတွေ လျော့ပါးသွားပါတယ်။ တစ်ကိုယ်တော် 'ဟဲ' လိုက်မကွဲ့။

ဒီနေရာမှာ ကျွန်မက တစ်စခန်းထတော့တာပဲ။ အခန်းကြီးထဲမှာ တစ်ယောက်တည်းကလည်းဖြစ်၊ ဗိုက်ကလည်းဆာ၊ ရေတွေချည်း လိမ့်သောက်နေရာက ပျင်းပျင်းနဲ့ သီချင်းတစ်ပုဒ်ကို ဟစ်ထည့်လိုက်တာ။ 'ထွက်ပေါက်များ…ပိတ်ခါထားတယ်…လောကကြီး…မိုးလင်းတော့မယ်…ဖွင့်ပေးအုံး'' အားရပါးရ ဟစ်ပစ်လိုက်တာ၊ ဘာပြောကောင်းမလဲ၊ ဝန်ထမ်းအမျိုးသမီးတွေ တုတ်တွေကိုင်ပြီး အပြေးအလွှား ရောက်လာတော့တာပဲ။ တစ်ယောက်က 'ဘာတွေအော်နေတာလဲ' လို့ မေးတယ်။ ကျွန်မက ''လေးဖြူသီချင်းလေ 'ပင်လယ်အော်သံ' ထဲက သီချင်းပေါ့၊ ဆိုလို့သိပ်ကောင်းတာပဲ'' လို့လည်းပြောရော ဒါတိုက် 'နင့်ကို တိုက်ပိတ်ထားတာ၊ သီချင်းဆိုလို့ မရဘူး' လို့ ပြောတယ်။ ဒါနဲ့ပဲ ကျွန်မလည်း အသာလေးငြိမ်နေလိုက်ပြီး နောက်မှ ဆက်ဆိုမယ်လို့ စိတ်ထဲမှာ တေးထားလိုက်တယ်။

## ကြမ်းပိုး မသတ်ရ

အိပ်လို့ကလည်း မရ။ မျက်စိကလည်းကြောင်၊ ကြမ်းပိုးကလည်းကိုက်ဆိုတော့ ကြမ်းပိုးဆိုတာ တစ်ကောင် နှစ်ကောင် မဟုတ်ဘူး။ အုပ်စုလိုက်ကြီး တပ်ချီလာကြတာ။ ဘာရမလဲ၊ လက်နဲ့ဖြစ်သတ်လို့ရတဲ့ အနေအထားမဟုတ်ဘူး။ ဖိနပ်ကို လက်မှာစွပ်ပြီး တဖြန်းဖြန်း တဖြောင်းဖြောင်းလည်းဆော်ရော ဝန်ထမ်းတွေ ပြေးလာကြပြန်ရော။ 'ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ' မေးကြပြန်ရော။ ကျွန်မက 'ကြမ်းပိုး သတ်နေတာလေ၊ ဒီမှာကြည့်ပါလား' လို့ ဖိနပ်လေးထောင်ပြပြီး ပြောတော့ 'ထောင်မှာ ကြမ်းပိုး မသတ်ရဘူး' လို့ ပြောတယ်။ ကျွန်မလည်း အံ့သြပြီး

mgyoe.com

mgyoe.com SAMPLE BOOK

'ကြမ်းပိုး ဘာလို့မသတ်ရတာလဲ၊ ကြမ်းပိုးမွေးပြီး ဘာလုပ်ကြမှာလဲ' လို့ မေးတော့ စိတ်ပျက်တဲ့ အမူအရာတွေနဲ့ တစ်ခါပြန်သွားကြပြန်ရော။ ကျွန်မလည်း ဖိနပ်နဲ့ ကြမ်းပိုး ဆက်သတ်နေလိုက်တယ်။

ဒီလိုနဲ့ သံချောင်းခေါက်သံ ကြားရပါတယ်။ သံချောင်းခေါက်ပြီးတိုင်း 'ဘာယာ' ဆိုတဲ့ အမျိုးသမီးက အချုပ်ဆောင် အဝင်ဝ သံတိုင်ဆီကို ပြေးပြေးလာပြီး 'အချုပ်သူ ဘယ်နှယောက် အားလုံးကောင်းပါတယ် ဆရာကြီး' လို့ အော်တော့တာပဲ။ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်။ သံချောင်းသံကြားတိုင်း 'အားလုံးကောင်း ပါတယ် ဆရာကြီး' လို့ အော်အော်နေတာ။ ကျွန်မ ကြည့်တော့လည်း ကောင်းတဲ့ဟာ ဘာမှလည်း မတွေ့ဘူး။ ဒါနဲ့ ကျွန်မ တံခါးပေါက်ကနေ

"ဒီမှာ အစ်မကြီး ဘာလို့ အားလုံးကောင်းပါတယ် ဆရာကြီးလို့ အော်နေရတာလဲ၊ ဘယ်က ဆရာကြီးကို အော်ပြောနေတာလဲ၊ ကောင်းတာလည်း မရှိ၊ ကောင်းလည်း မကောင်းဘဲနဲ့ အေးအေး ဆေးဆေး အိပ်တာမဟုတ်ဘူး"

လို့ ပြောလိုက်တယ်။ သူက 'ဒါ ထုံးစံပဲ ညီမလေးရဲ့၊ နောက်ကို အစ်မတို့ကို စကားလှမ်းမပြောရဘူး၊ တွေ့သွားရင် ပြဿနာတက်လိမ့်မယ်' လို့ ပြောတယ်။

"သြော်...ငါ့မှာတော့ ဘာမှလည်း မကောင်း၊ စားစရာလည်း မရှိ၊ ငါးပိနံ့ကြီးကလည်း ဆိုးလိုက်တာ။ အိပ်လို့လည်း မရဘူး၊ အိမ်ပြန်ချင်လိုက်တာနော်၊ ဖေဖေတို့ မေမေတို့တော့ ငါ့ကို စိတ်ပူနေတော့မှာပဲ။ သွေးတွေတိုးပြီး ရောဂါတွေ တက်ကုန်ပြီနဲ့တူတယ်။ မေမေတို့ ဖေဖေတို့ကို လွမ်းလိုက်တာ။ သူတို့လည်း အိပ်နိုင်ကြမှာ မဟုတ်ဘူး"

ဒီလိုနဲ့ လျှောက်တွေးနေလိုက်တာလေ။ မိုးစင်စင်လင်းတော့တာပဲ။

**နောက်တစ်နေ့**

မိုးလင်းတော့ 'ပုံစံ ပုံစံ' ဆိုတဲ့ အသံတွေ ကြားရပြီး 'ဘုရား ကန်တော့ မယ်' ဆိုတဲ့ မနေ့က ကြားထားရတဲ့ သံဆိုးကြီးနဲ့ အော်ပြန်ရော။ နောက်လိုက်တဲ့ အာရုံ။ ခဏနေတော့ ထောင်မှူးမက လာကြည့်သွားတယ်။ ဘာမှ မမေးဘူး။ အသာလေး လာချောင်းတာ။ 'ပုံစံ'ထိုင် ဘာညာလည်း မပြောဘူး။ ကျွန်မလည်း တုံးလုံးလှဲနေရာက မထဘူး။ အခုကျမှ ပင်ပန်းလာတော့တာ။ အိပ်ရေးက ဆက်တိုက် ပျက်၊ အစားလည်း မစားနိုင်တော့ လှဲနေရာကနေ မထချင်တော့ဘူး။ အိပ်လို့တော့ မရပါဘူး။

mgyoe.com

နောက်တော့ ကျွန်မ တံခါးဖွင့်သံကြားပြီး သောက်ရေအိုးရေဖြည့်၊ မီးလွှာ အင်တုံသယ်သွား၊ အခန်းကို သန့်ရှင်းရေးလုပ်ပေးတယ်။ ရေနွေးလည်းပေးတယ်။ ဝမ်းအသာဆုံးက ထမင်းပန်းကန်ကြီး ယူသွားတာပဲ။ ရေနွေးကိုတော့ သောက်ရေခွက် နဲ့ တစ်ခွက်ယူထားလိုက်တယ်။

နောက် ကျွန်မကို မှတ်ပုံတင်ပါတယ်။ အမျိုးသမီးတစ်ယောက်ကို ဩဇာသံ မာလကာသံကြီးနဲ့…

"နာမည်"၊ "အဖေနာမည်"၊ "အမေနာမည်"၊ "အသက်"၊ "ယောက်ျား"၊ "ဘာမှုလဲ"၊ "စာတတ်လား" အဲဒီလို အသံမာမာကြီးနဲ့မေးတာ။ "စာတတ်လား" ဆို ရယ်ချင်တာပဲ။ မနေ့က အချုပ်ရောက်လာတဲ့ အချုပ်သူတွေကို လည်း ဒီလိုပဲမေးတာ ကြားနေရတော့ ရယ်ချင်လို့ စပ်ဖြဲဖြဲဖြစ်နေတာပေါ့။ မနေ့က တန်းစီးမကြီးရဲ့သမီးက အခု ကျွန်မကို မှတ်ပုံတင်နေတာလေ။ သူက အဲဒီရုံးခန်းမှာ စာရေးအလုပ် လုပ်တယ်။ ကြိမ်လုံးတစ်ကိုင်ကိုင်နဲ့။ ချောလိုက်တာဆိုတာ မှုံလို့။ သူကလည်း ကျွန်မကို မျက်စောင်းအကြိမ် နှစ်ဆယ်လောက် ထိုးသွားပြီး မှတ်ပုံတင် ကိစ္စပြတ်တာပဲ။

အခြားအချုပ်သူတွေတုန်းကဆိုရင် နေရပ်လိပ်စာကို အိမ်နံပါတ်ကပြော၊ လမ်းအရင်ပြောရင် ရိုက်၊ ရပ်ကွက် အရင်ပြောရင်ရိုက်၊ ရိုက်လေ ကြောက်လေ ပေါက်ကရပြောလေ၊ တော်တော်စိတ်မချမ်းသာစရာပါ။ ပြီးတော့ 'ကျွန်မတို့က စကားမပြောရဘူး၊ မကြည့်ရဘူး၊ ဘာမှမကျွေးရဘူး၊ မိရင် ပုံစံဖြည့်၊ သုံးဆယ့်နှစ်ချက် ရိုက်မယ်' ဒီလိုတွေ ပြောသေးတာ။ ကြိမ်လုံးလည်း ကြည့်လိုက်ဦး၊ လက်မနဲ့တော့ ပြောလို့မရဘူး။ ကျွန်မခြေမလောက်အလုံးရှိတဲ့ ကြိမ်ကို နှစ်လုံးလိမ်ပြီး ပူးထားတာ။

ကျွန်မကို အခန်းထဲ ပြန်ပိတ်ပြီး သေချာတောင် မထိုင်ရသေးဘူး။ တိုက်ခန်းတံခါး ဖွင့်ပြန်ရော။ 'ထွက်' တဲ့။ 'ဆရာဝန် ပြမယ်' တဲ့။ ဒါနဲ့ လိုက် သွားတော့ အချုပ်ထောင်ရှေ့ ကွက်လပ်မှာ စားပွဲ၊ ကုလားထိုင်နဲ့ မျက်နှာပေါက်တင်း တင်း အမျိုးသမီးကြီးတစ်ယောက် ထိုင်နေပါတယ်။ ကျွန်မကို တွေ့တွေ့ချင်း 'ဘာဖြစ်လဲ' လို့ မေးတယ်။ ကျွန်မလည်း 'ဘာမှမဖြစ်ဘူး' လို့ ပြန်ပြောလိုက်တယ်။ အဲဒီမှာ မျက်နှာကြီးတင်းသွားပြီး 'ခေါ်သွားတော့' လို့ ပြောတာနဲ့ ဝန်ထမ်းမက ကျွန်မကို အခန်းပို့ပြီး ပြန်သွားတော့တာပဲ။

ဒီတော့မှ ကျွန်မလည်း 'ငါ့နှယ် အပြင်မှာ ကြာကြာလေး လေ့ရှုရအောင် တွေ့ကရာ လျှောက်ပြောရကောင်းသား' လို့ တွေးလိုက်မိသေးတယ်။ နောက်ရက်တွေ ကျတော့ ရေချိုးထွက်ရင်း 'အေးအေးမိုးနဲ့ မိုးကလျာဦး' အခန်းကို ချောင်းကြည့်တာ

mgyoe.com

mgyoe.com

သူတို့နှစ်ယောက် ဆေးပြားတွေနဲ့ ဖယ်တောက်နေတာ တွေ့ရတယ်။ နောက်တော့မှ သူတို့ကပြောတယ်။ ငါတို့ နေမကောင်းလို့ ဆရာဝန်ပြတိုင်း အောက်စီတက်ထရာ ဆေးပြားတွေချည်းပေးတာ အများကြီးပဲ။ အဲဒါတွေနဲ့ ပျင်းရင် ဖယ်တောက်တယ်၊ ကစားကြတယ်လို့ပြောတယ်။

ထောင်ထဲမှာတော့ ဘာဖြစ်ဖြစ် အောက်စီတက်ထရာပဲ။ ဘယ်ကလုပ်တဲ့ ဆေးမှန်းလည်း မသိဘူး။ အပြင်မှာတုန်းကလည်း မကြားဖူးဘူး။ ထောင်ထဲမှာ လုပ်တဲ့ဆေးလားတောင် အောက်မေ့မိတယ်။

ရုံးတင်ပြီ

ဒီလိုနဲ့ အချုပ်သားဘဝမှာ စစ်ကြောရေးတစ်ခါထွက်ရတယ်။ အဲဒီမှာ ကျွန်မအမေ ပေးလိုက်တဲ့ ကျွန်မ စိပ်နေကျ စိပ်ပုတီးရတယ်။ အဲဒီပုတီးလေး ရလိုက်တာ သိပ်ကောင်းသွားတယ်။ မဟုတ်ရင် ရေလာထည့်တဲ့ အချုပ်သူကောင်မ လေးပေးတဲ့ ဘီးကျိုးလေးနဲ့ မှတ်မှတ်နေရတာ။ နောက်တော့ 'ရုံးတင်ပြီ' ဆိုပါတော့။ စဖမ်းပြီး ၅၂ ရက်အကြာမှာ ရုံးတင်တယ်။ ရုံးကလည်း တင်တယ်သာပြောတာ။ သီးသန့်ထောင်က ထောင်ဝင်စာခန်းမှာ။ အမှုတွဲတွေအားလုံးကိုစုပြီး လူလေးယောက် က ရုံးတင်လိုက်တယ်လို့ပြောတယ်။ မပြောရင် သိမှာတောင် မဟုတ်ဘူး။ အခြားအမှု တွဲတွေရဲ့ မိဘတွေလာတယ်။ တစ်ယောက်မှ တွေ့ခွင့်မရရှာဘူး။ လူအုပ်ထဲမှာ ကျွန်မမိဘတွေကို ရှာကြည့်တော့ မတွေ့ဘူး။

ဒါနဲ့ T2000ကားနဲ့ ကျွန်မတို့ကိုတင်ပြီး ထောင်မကြီးကို ပြန်ပို့တော့ မေမေနဲ့ ဖေဖေကို တွေ့တယ်။ ကျွန်မလည်း ကားပေါ်မှာ အတင်းထပြီး 'မေမေ ဖေဖေ သမီး နေကောင်းတယ်' လို့ အော်ပြောလိုက်တယ်။ အဲဒီအချိန်မှာ ကျွန်မကို ထောက်လှမ်းရေး ရဲမေတွေက တအားဝိုင်းချုပ်ထားပါတယ်။ ကျွန်မကတော့ အဲဒီ လောက် မိဘတွေကို အော်ပြောလိုက်ရလို့ ကျေနပ်သွားတယ်။ မိဘနှစ်ပါးရဲ့ မျက်နှာကို မြင်လိုက်ရလို့ အားတွေလည်း ပြည့်သွားတယ်။ နေရာမှာ ပြန်ထိုင်ရင်း 'ငါ့ကို ဘာဖြစ်လို့ ဝိုင်းချုပ်ထားတာလဲ' ဆိုတော့ 'ခုန်ချမှာစိုးလို့' တဲ့။ အံ့သြပါ့။

ရုံးတင်ပြီး ပြန်လာတော့ နည်းနည်းလွတ်လပ်မှုလေး ပေးလာတယ်။ ချက်ချင်း တိုက်ခန်းထဲ တန်းမထည့်ဘူး။ အခုမှ တစ်ယောက်နဲ့တစ်ယောက် စကားပြော ခွင့်ရလာတာ။ မိုးကလျာဦးက...

"ချိုနွယ်ရေ ငါ့အမေ ရေတိုက်ဖို့လာတာတောင် ပေးမတိုက်ဘူး၊ မိုက်ရိုင်း လိုက်တာ၊ နင် မြင်တယ်မဟုတ်လား"

mgyoe.com

လို့ ပြောတယ်။ သူ တော်တော်စိတ်မကောင်းဖြစ်နေတာ။ နောက်နေ့ ရုံးခန်းနဲ့ ကျွန်မတို့ကြားထဲက သံမံတလင်းမှာ ဖျာခင်းပြီး တစ်နေကုန် ဖွင့်ပေးတယ်။ တခြားနေရာတွေတော့ သွားလို့မရဘူး။ သူတို့မျက်စိရှေ့မှာပဲ နေရတယ်။

ပျင်းတယ်။ ဒီမှာချည်းပဲနေရတာ။ အဆောင်ထဲတွေ၊ အနောက်တိုက်က မသီတာ(စမ်းချောင်း)တို့ အဘွားတို့ မမဒွံတို့ ရှိတယ် ကြားတယ်။ သွားလည်မယ်၊ လိုက်ပို့ပေးဆိုတော့ 'အဲဒီလို သွားလို့မရဘူး၊ အေးအေးနေကြပါအေ၊ ပြဿနာ မရှာစမ်းပါနဲ့' ဆိုပြီး တောင်းပန်ကြတယ်။ 'ငါတို့ကို အလုပ်ပြုတ်အောင် မလုပ်ကြပါနဲ့' လို့လည်း ပြောသေးတယ်။

ဘာပဲပြောပြော အပြင်မှာ ဒီလိုထွက်ထိုင်ရတာကိုပဲ ကျွန်မတို့သုံးယောက် ပျော်လှပြီ။ တစ်နေ့ တစ်နေ့ တဟီးဟီးနဲ့ စကားတွေပြောလိုက်၊ လှဲအိပ်လိုက်၊ အပြင်မှာ အဲဒီလောက် တစ်ယောက်နဲ့တစ်ယောက် စကားမပြောဖူးဘူး။ လုပ်စရာ လုပ်ပြီးရင် လမ်းခွဲလေ။

## အချုပ်တိုက်က ပျော်ပွဲစား

ထောင်မှူးမကြီး(နှစ်ပွင့်)က ပြောတယ်။

"နင်တို့ကြည့်ရတာ အပူအပင်ကင်းလိုက်တာ၊ ငါတောင် အားကျမိတယ်၊ ပျော်ပွဲစားထွက်နေသလိုပဲ" လို့ ပြောတယ်။

သကြံန်ရောက်တော့ အချုပ်သူတွေက ကျွန်မတို့ကို သီချင်းတွေဆိုပြ၊ ကပြပြီး မုန့်တောင်ကျွေးလိုက်သေး။ ဒီလိုနဲ့ တစ်နေ့ တစ်နေ့ အဲဒီအလယ်လမ်းမှာ ဖျာခင်းထိုင်။ ညနေ တန်းပိတ်ချိန်ရောက်ရင် 'ကလေးတို့ရေ တန်းပိတ်မယ်၊ ကိုယ့် တိုက်ထဲ ကိုယ်ဝင်' ဆိုပြီး ဝန်ထမ်းအမျိုးသမီးကြီးတွေက သော့သံပေးပြီး ပြော တယ်။ တစ်ခါတလေ ကျွန်မတို့က 'မဝင်ချင်သေးဘူး၊ အပြင်မှာ နေဦးမယ်၊ အားလုံး ဝင်ပြီးမှ ဝင်မယ်' ဘာညာနဲ့ လှည့်ပတ်နေကြသေးတယ်။ သူတို့လည်း ရသလောက် ထားပေးတာမျိုးလည်းရှိတယ်။ မရတဲ့အခါမျိုးလည်း ရှိတယ်။ အဲဒီလို အခါမျိုးကျ တော့လည်း အသာတကြည် ဝင်ပေးပြီး သော့ခတ်ခံလိုက်တာပေါ့။ ပြီးမှ တံခါးဝမှာ ရပ်ပြီး စကားအော်ပြောကြ၊ သီချင်းဆိုကြ လုပ်ကြတာပေါ့။ ဒီလိုဆိုတော့လည်း အင်းစိန်ထောင် ဘယ်ဆိုးလို့တုံးပေါ့။

ထောင်ကျမယ်ဆိုတာက သိပြီးသား။ သည့်အတွက်တော့ မပူပေါင်။ ဒီလမ်းကိုလျှောက်ရင် တစ်နေ့မဟုတ် တစ်နေ့တော့ ထောင်ကျမှာ သိပြီးသား။ ကိုယ့်ရှေ့မှာ ရဲဘော်ရဲဘက်တွေ ဒီလိုပဲ ထောင်ထဲဝင်ကုန်ကြတာ။

mgyoe.com

mgyoe.com

ထောင်ဝင်စာဖိုးရအောင် ပိုက်ဆံရှာရတာ နည်းမျိုးစုံပဲ။ သကြံန်တို့ ဘာတို့ဆိုရင် လက်ဖက်ရည်ရောင်း၊ ကော်ပြန့်ကြော်ရောင်း၊ လျှက်ဆားဖော်ရောင်း၊ တိတ်ခွေထုတ်ရောင်း၊ အမေက အရင်းထုတ်ပေးတယ်။ အမြတ်က အထဲရောက်နေတဲ့သူတွေအတွက်၊ ထောင်ဝင်စာဖိုး ကြားထဲက အမေက အရင်းပြုတ်။

## အထူးခုံရုံးဆိုတာ

အ·က·စ(အကျဉ်းဦးစီး အတိုကောက်) ဓမ္မာရုံမှာ အထူးခုံရုံးဖွဲ့ပြီးစစ်တယ်။ အဲဒီ အ·က·စ ဓမ္မာရုံဆိုတာ အ·က·စက ဝန်ထမ်းတွေ သူတို့သားသမီးတွေ မင်္ဂလာဆောင်ရင် မင်္ဂလာခန်းမ၊ ကထိန်ခင်းလည်း ဒီနေရာ၊ ပျော်ပွဲရွှင်ပွဲလည်း ဒီနေရာ၊ သကြံန်အကတိုက်လည်း ဒီနေရာ၊ မွေးနေ့ ဆွမ်းကျွေး အလှူအတန်းလုပ်လည်း အဲဒီနေရာ။ နိုင်ငံရေးသမားတွေဖမ်း၊ အထူးခုံရုံဖွဲ့ ထောင်ချ အဲဒီနေရာပဲ။

ရုံးထုတ်ပြီဆိုရင် တက်ကြွသလားမမေးနဲ့။ ဒါမှ မေမေ ဖေဖေနဲ့ တွေ့ရမှာ။ အမှုတွဲတွေ ခုံတန်းရှည်ကြီးမှာထိုင်ပြီး စကားပြောရတယ်။ တရားသူကြီးက ပြောချင်တာပြော၊ ဆွဲချက ပြောချင်တာပြော၊ ရှေ့နေလည်း ငှားခွင့်မရှိ။ မဟုတ်တာတွေ စွပ်စွဲလည်း ပြန်ချေပလို့ မရ။ မတရားသက်သေပြောသမျှ မှတ်တမ်းတင်။ ကျွန်မတို့ ပြန်ချေပရင် အရေးမလုပ်။ အဲဒီဖော်မြူလာနဲ့ သွားတာ။

တရားသူကြီးဆိုရင် အဲဒီအထူးခုံရုံးဆိုတဲ့ အ·က·စ ဓမ္မာရုံက စင်ပေါ်မှာ စားပွဲကုလားထိုင်နဲ့ထိုင်ပြီး ခြေထောက်ကြီးတင်ပြီး ခြေမျက်စိတို့ ခြေဖဝါးတို့က အသားမာတွေကို တဂျစ်ဂျစ်နဲ့ ခွာနေတာ။ သူ့တရားရုံးသူ ရွံရှာဖွယ်ကောင်းအောင် လုပ်နေတာ။ မျက်လုံးထဲ ပြန်မြင်ယောင်မိသေးတယ်။ ကျွန်မတို့ကိုတော့ တစ်ယောက်နဲ့ တစ်ယောက် စကားမပြောရဘူးဆိုပြီး လာလာတားတာ ရှိသေးတယ်။ ကျွန်မတို့ကတော့ ပြောကြတာပဲ။ ပြီးရင် မေမေ ဖေဖေနဲ့တွေ့၊ ပါလာတာစားကြ၊ ပြီးရင် ဗူးဝ ပြန်ပို့။

အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ထောင်ထဲ ထည့်ထားပြီး ရက်ပေါင်း ၅၀ ကျော်ကြာမှ ရုံးထုတ်တာ။ ပထမဆုံး ရုံးထုတ်တာ သီးသန့်ထောင်က ထောင်ဝင်စာခန်းမှာ။ နောက်ရုံးထုတ်တော့မှ အ·က·စ ဓမ္မာရုံမှာ။ အဲဒီကျမှ မိဘတွေနဲ့ တွေ့ခွင့်ရတာ။ ရုံးထုတ်မှာ ကျွန်မအမေက အင်္ကျီ၊ ဘရာစီယာ၊ ပင်တီ၊ ထမီ အကုန် ထပ်ဝတ်ခိုင်းတာ။ ဘာလို့လဲဆိုတော့ ကျွန်မတို့ ထောင်ပြန်ရင် ဘာမှပြန်သယ်ခွင့်မရှိဘူးဆိုတာကိုး။ ဒီတော့ လက်က မကိုင်ရအောင် အကုန်ထပ်ဝတ်သွားတာ။ ရွှေမေတ္တာရဲ့ ထောက်လှမ်းရေးလူက 'ဒီလိုလုပ်လို့ မရဘူး' လို့ လာပြောတယ်။

mgyoe.com

ကျွန်မအမေကြီးက 'လုပ်တော့ ဘာဖြစ်လဲ၊ နင်တို့ မိန်းမတွေရဲ့ အာဝေနိကဒုက္ခကို နားလည်လား' ဆိုပြီး ခပ်တင်းတင်းပြန်ဟောက်လိုက်တာ၊ မျက်ခွက်ပုပ်သိုးပြီး ပြန်ထွက်သွားတယ်။ အဲဒီတော့ Hallထဲမှာပဲ ဘာအကာအကွယ်မှ မရှိဘူး။ 'မရှက်နဲ့ သမီး၊ ရှက်စရာမလိုဘူး၊ အကုန်ထပ်ဝတ်၊ မေမေ အနားမှာရှိတယ်' အဲဒီလိုပြောတာ။

ဒါက ရုံးထုတ်တဲ့နေ့ ပထမနေ့ မဟုတ်ဘူး။ နောက်နေ့တွေမှာလုပ်တာ။ ဒုတိယရုံးထုတ်မှာ၊ မိဘတွေမှာလည်း အတွေ့အကြုံက မရှိ။ ကျွန်မလက်ထက်ကျမှ ရုံးရောက် ဂါတ်ရောက် ထောင်ပါရောက်ရရှာတာ။ ထမင်းတွေ ဘာတွေ ထည့်လာရ ကောင်းမှန်း မသိကြဘူး။ သူများမိဘတွေ ထမင်းချိုင့်ဖွင့်ပြီး ကျွေးတာမြင်မှ မေမေက ဖေဖေ့ကို အသုတ်လေးဖြစ်ဖြစ်၊ ဘာလေးဖြစ်ဖြစ် မြန်မြန်ပြေးဝယ်ပေးပါ။ ဖေဖေက ခေါက်ဆွဲသုတ်လေး ကြွပ်ကြွပ်အိတ်နဲ့ ဝယ်လာပါတယ်။ မျိုချလို့မရဘဲ နင်နေတော့ တာ။ စအဖမ်းခံရကတည်းက အပြင်စာ(လူစာ)စပြီး စားရတာ။ မေမေက ဘေးက နေနေ၊ ဖြည်းဖြည်းမျိုချ၊ ဝါးစားနဲ့ ပြောပေးတယ်။ ထောင်လည်း ပြန်ပို့ရော ဗူးဝမှာ အဲဒီခေါက်ဆွဲသုတ်တွေ အကုန်ပြန်အန်ထွက်တော့တာပဲ။

## လွှမ်းခန်းလေးပေါ့

နောက်ထပ်ရုံးထုတ်ရက်တွေလည်းရောက်ရော မိဘများ အတော်အတွေ့ အကြုံ ရှိသွားပြီဆိုတော့ ထမင်းချိုင့်တွေ၊ မုန့်တွေ၊ ကော်ဖီတွေနဲ့ လာတွေ့တာ။ ပြောသာ ပြောတာပါ။ တကယ်မစားနိုင်ပါဘူး။ အဖေ အမေ မျက်နှာကို အတိုးချပြီး မခွဲရခင် အဝကြည့်နေရတာ။ နောက်ထပ် အကြာကြီး ခွဲနေရတော့မယ်ဆိုတာ သားအမိ သားအဖတွေ သဘောပေါက်ပြီးသား မဟုတ်လား။

ကျွန်မရဲ့အမှုတွဲ ကိုမိုးမောင်မောင်ကို သူ့ဇနီး မပူတူးနဲ့ သမီးလေး လာတွေ့တယ်။ သမီးလေးက အဖေ့ကို စိမ်းနေတယ်။ ကိုမိုးမောင်မောင်ရဲ့ 'လာပါ သမီးလေးရယ်၊ ဖေဖေ့နားကို၊ နောက်ထပ် အကြာကြီးခွဲနေရဦးမှာ' လို့ ပြောတဲ့ အသံကို လှည့်မကြည့်ဘဲ ကြားရပါတယ်။ စကားလုံးက အဲဒီအတိုင်း တသွေ မတိမ်းပါ။ အခုထိ ကျွန်မ မျက်ရည်ကျမိပါတယ်။

## ထောင်ချပြီ

နောက်တော့ ထောင်ချရော ဆိုပါတော့။ '၇ နှစ်' ချလိုက်တာ။ အဲဒီအချိန် တုန်းက '၇ နှစ်'ဆိုတာ ကြမ်းခင်းဈေးပဲ။ တရားသူကြီးက '၇' အလီ ကျက်ထား

mgyoe.com

 mgyoe.com SAMPLE BOOK 

ရင်ရပြီ။ တစ်မှုကို '၇ နှစ်'၊ နှစ်မှုကို '၁၄' နှစ်၊ ၇×၁ လီ=၇၊ ၇×၂ လီ=၁၄၊ ၇×၃ လီ=၂၁၊ ၇×၄ လီ=၂၈။

အမိန့်ချတဲ့နေ့မှာ မော်တော်ဆိုင်ကယ်နဲ့ လူတစ်ယောက်က တရားသူကြီးကို စာအိတ်တစ်အိတ် လာပေးတယ်။ ဒါနဲ့ဖွင့်ဖတ်ပြီး '၇ နှစ်' ဖြစ်သွားတာပဲ။ ကျွန်မတို့ကလည်း နည်းနည်းမှ မဖြုံပေါင်။ အဲဒီ အ•က•စ ခမ္မာရုံကနေ အင်းစိန်ဗူးဝကို T 2000 ကားနဲ့ အပြန်လမ်းမှာ စောင့်နေတဲ့ မိဘ ဆွေမျိုး၊ သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်တွေကို လက်ခုနှစ်ချောင်းထောင်ပြပြီး '၇ နှစ်၊ ၇ နှစ်' နဲ့ သံချပ်ထိုးထိုးသွားတာ။

အချုပ်ထောင် ပြန်ရောက်တော့ အချုပ်သူတွေ၊ ဝန်ထမ်းအမျိုးသမီးတွေက 'ဘယ်လောက်ကျလဲ' မေးကြပါတယ်။ '၇ နှစ်' လည်းဆိုရော အချို့အချုပ်သူအမျိုးသမီးကြီးတွေက ငိုကြတယ်။ သူတို့က 'ဒီလောက် ကလေးလေးတွေကို ၇ နှစ်တောင် ချရသလား၊ ရက်စက်လိုက်တာ' ဆိုပြီး စိတ်မကောင်းကြဘူး။

ကျွန်မတို့ကတော့ အဲဒီအချိန်အထိ ထောင်မှာ အနေချောင်နေသေးလို့ တပြည်းပြည်းနဲ့ အသက်တောင်ရှုလို့ မဝအောင် ကြပ်တည်းလာမည့် ထောင်အခြေအနေကို သိမှ မသိတာ။ ထောင်ပါးကလည် မဝသေးတော့ ဟုတ်နေတော့တာ။

## ရွှေ့ပြီ (၈)ဆောင်ကို

ကျွန်မတို့ အချုပ်ဆောင်ကို ပြန်ရောက်ပြီး ထောင်ထုံးစံအတိုင်း အမျိုးသမီးထောင်ကျဆောင် (၈)ကို ရွှေ့ရပါတယ်။ ရှိစုမဲ့စုလေးတွေပိုက်ပြီး အကျထောင်(၈)ကို ဝန်ထမ်းအမျိုးသမီးများနဲ့ အချုပ်သူအချို့ လိုက်ပို့ကြပါတယ်။ အဆောင်လည်းရောက်ရော အရင်ရောက်နှင့်နေတဲ့ ၅(ည) ညီအစ်မတွေနဲ့ တွေ့ရတယ်။ ကျွန်မတို့ နိုင်ငံရေးအကျဉ်းသားတွေကို ထောင်ထဲမှာ ၅(ည)ပဲ ခေါ်တယ်။ တစ်ယောက်နဲ့တစ်ယောက် ဝမ်းသာအားရ စကားတွေ ပြောလိုက်ကြတာ။ နိုင်ငံရပ်ခြားမှာ တစ်ယောက်နဲ့တစ်ယောက် တွေ့ကြရသလိုပဲ။

## အချုပ်တိုက်ကို ပြန်ပို့ပြီ

တစ်ယောက်နဲ့ တစ်ယောက် ပြောလို့ ဆိုလို့မှ မဝသေးဘူး။ ဝန်ထမ်းအမျိုးသမီးတွေ အူရားဖားရားနဲ့ ပြန်ပြေးလာပြီး 'ဟေ့ ကလေးတွေ မြန်မြန်ပြန်လာကြ၊ လုပ် လုပ်၊ အခုချက်ချင်း အချုပ်ဆောင်ကို ပြန်ရမယ်' ဆိုလို့ ကျွန်မတို့သုံးယောက် စုပုတ်ဆောင့်အောင့်ပြီး လိုက်သွားကြတော့တာပေါ့။ မကျေမချမ်းနဲ့ အရင်အချုပ်တိုက်ထဲ

mgyoe.com

mgyoe.com SAMPLE BOOK

ပြန်အထည့်ခံရတော့တာပဲ။ နောက်မှ သိရတာ။ တော်လှန်ရေးအမိန့်နဲ့ ပြန်သိမ်းတာ ဆိုပဲ။

ဒီလိုနဲ့ပဲ အချုပ်တိုက်မှာ သောင်တင်နေပြန်ရော။ တစ်ရက်ပြီး တစ်ရက်သာ ကုန်သွားတယ်။ တိုက်ထဲက မထွက်ရတော့ လူက တဖြည်းဖြည်း ဒေါသတွေ တချောင်းချောင်းထွက်လာပြီး ညွှန်မှူးတို့၊ ထောင်ပိုင်တို့ တန်းစီလှည့်လာရော ထပြော တော့တာ။ ထောင်မှာ အဲဒီလို တန်းစီလှည့်မှာ ထပြီးပြောရင် တယ်အပြစ်ကြီးဆိုပဲ။ အဲဒါလည်း သိပါဘူး။

''ထောင်ချလိုက်တာကြာပြီ၊ အခုထိ ထောင်ကျဆောင်ကို မပို့သေးဘူး လား''

လို့ တုံးတိတိကြီး ထမေးလိုက်တာ။ ဘွတ်ဖိနပ်သံ တဂွပ်ဂွပ်နဲ့ အဲဒီ လူအုပ်ကြီးဟာ တန့်ကနဲရပ်သွားပြီး 'ပွစိ ပွစိ'နဲ့ ခေါင်းချင်းဆိုင်ပြီး အချင်းချင်း ခေါင်းခါလိုက်၊ ခေါင်းညိတ်လိုက်လုပ်ပြီး ဒေါက်ဂွပ် ဒေါက်ဂွပ်နဲ့ ပြန်ထွက်သွားကြ တယ်။

ကျွန်မတို့က ထင်နေတာ ထောင်ကျရင် ထောင်ကျဆောင်ကိုပြောင်း။ ဟိုမှာ အရင်ရောက်နေနှင့်တဲ့ ၅(ည)ညီအစ်မတွေနဲ့ အတူနေရမယ်၊ လွတ်လွတ်လပ်လပ် လေ့ရှုရမယ်၊ အဲဒီလို ထင်ထားတာ။

မကြာပါဘူး။ အကျဆောင်ကို ပြောင်းရမယ်ဆိုပြီး လာထုတ်တော့ တော်တော်ကို ပျော်သွားကြတာ။ 'ဂျိပေ့ ဂျိပေ့' နဲ့ လိုက်သွားကြတာ။ ဟိုလည်း ရောက်ရော မ-ကျ/တိုက်ထဲ တန်းထည့်လိုက်တာ။ အဲဒီတော့မှ 'ဟယ် သေပဲ့' ဆိုပြီး ဖြစ်သွားကြတာ။ အခန်းက ၇ ပေခွဲ ၉ ပေပဲ ရှိတယ်။ ပြတင်းပေါက်က သံဇကာကျဲ တစ်ထပ်၊ သံတိုင်နဲ့။ 'သေပေတော့ လဟာယ်' ဆိုပြီးများ ပို့လိုက်တာနဲ့ တူတယ်။

အဲဒီတိုက်မှာ အရင်ရောက်နှင့်နေတဲ့သူတွေကတော့ အခန်း(၁)မှာ ဒေါ်စိုးစိုး ထွန်း(န-ဝ-တ ပတ္တမြားကြီးအမှု)အဲဒီအန်တီက တိုက်ထဲမှာ ဆိုပေမယ့် တစ်နေကုန် တံခါးဖွင့်ပေးထားတယ်။ တိုက်ဝင်းထဲမှာပဲ နေခွင့်ရှိတယ်။ အခန်း(၂)က အလွတ်။ အခန်း(၃)မှာ အန်တီစမ်း ဒေါ်စမ်းစမ်းနွဲ့(သာယာဝတီ)နဲ့ သူ့သမီးလေး မြတ်မိုမိုထွန်း၊ အခန်း(၄)မှာ ကျွန်မ ချို့နွယ်ဦး၊ အချုပ်တိုက်မှာလည်း အခန်း(၄)ပါပဲ။ အခန်း(၅)မှာ အေးအေးမိုးနဲ့ မိုးကလျာဦး၊ မျက်နှာချင်းဆိုင် ကျန်အခန်း ၅ ခန်းကတော့ အလွတ်ပဲ။

ထောင်ရောက်ကတည်းက ပိတ်လိုက်တဲ့တိုက်၊ လွတ်တော့မှ တိုက်ထဲက ထွက်ရတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မ-ကျ/တိုက် ရောက်ခါစကတော့ တစ်ခန်းကို တစ်နာရီ ထွက်ခွင့်ပေး သေးတယ်။ နောက်လည်းကျရော တိုက်ထဲက (၁၀)ခန်းစလုံး hour full။

ဒေါ်မာမာအေး(ခ)ဒေါ်မိုမိုအေး၊ အန်တီငယ်လို့ ကျွန်မတို့ကခေါ်တဲ့ ဒေါ်ငယ် မမသန်း(ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို ဦးအောင်သန်း၏သမီး)မခင်မိုးအေး၊ မီးမီး(ခ) သင်းသင်းအေး၊ မအိရွှေစင်ညွန့်၊ မနှင်းနှင်းမွေး၊ မမာမာဦး(အညတရ သူရဲကောင်းဆု ရသူ)၊ မလေးလေးမွန်၊ မမြင့်မြင့်အေး၊ မလှဲ၊ မပို(ခ)မဝင်းဝင်းမွှေး၊ ဒေါ်ခင်အေးအေးမာ၊ မသီတာဝင်း၊ ကြီးကြီးစန်းလို့ ကျွန်မတို့ခေါ်တဲ့ ဆိပ်ကမ်းဒေါ်စန်းစန်း၊ မခင်မကြီး၊ မစုစုဝင်း၊ မပြုံးပြုံးအေး။

အရင်ရောက်နှင့်သူတွေကတော့ သိပြီးသားဖြစ်တဲ့ ဒေါ်စိုးစိုးထွန်း၊ စာရေး ဆရာမကြီး ဒေါ်စမ်းစမ်းနွဲ့(သာယာဝတီ)နဲ့ သူ့သမီးလေး မြတ်မိုမိုထွန်း၊ မအေးအေးမိုး၊ မမိုးကလျာဦး၊ ကျွန်မ မချိုနွယ်ဦးတို့ဟာ အဲဒီ မ-ကျ/တိုက်ရဲ့ ပင်တိုင်အကျဉ်းသား များဖြစ်ပါတယ်။ ဒီကြားထဲ ခဏတဖြုတ်ရောက်လာပြီး ပြန်ထွက်သွား(လွတ်သွား)တဲ့ အမျိုးသမီးလေးများလည်း ရှိပါသေးတယ်။ မပို(ခ)မဝင်းဝင်းမွှေး ဆိုရင် တစ်ခေါက် ရောက်လာပြီး လွတ်သွားပြီးမှ ကျွန်မတို့ကို လွမ်းလို့လားတော့ မသိဘူး၊ နောက် တစ်ခေါက် သေသေချာချာ ထောင်ကျတော့တာ။

ဘယ်နှတန်းလဲဆိုရင် သူငယ်တန်းလို့ ပြောတဲ့ နားကောင်းကောင်းမကြား တဲ့ အန်တီဒေါ်ရီလည်း ခေတ္တရောက်လာပါသေးတယ်။ အဲဒီအန်တီကို ကျွန်မစိတ်ထဲ မှာ စွဲနေမိပါတယ်။ သူလွတ်သာသွားရော သူ့မျက်နှာကို ကျွန်မ မမြင်ခဲ့ရပါဘူး။ သူက နားမကြားတော့ သူ့ကို စားစရာတွေ ခိုးကျွေးရင်၊ ခိုးစကားပြောရင် အကျယ်ကြီး ပြောရလို့ ကျွန်မမှာ အင်မတန် ရင်တုန်ရပါတယ်။ တိုက်နဲ့ ရုံးခန်းက ကပ်လျက် ဆိုတော့ ထောင်မှူးမ၊ ထောင်မှူးကြီးတို့ ကြားလို့ကတော့ သက်သာမယ် မထင်ပါ။

## ၁၅ မိနစ် ရေချိုး လမ်းလျှောက်

ဒီလောက် လူအင်အား တောင့်တင်းနေတော့လည်း တစ်ခန်း ၁၅ မိနစ်နှုန်း ရေချိုး၊ အဝတ်လျှော်၊ တခြားခိုးလုပ်စရာတွေကလည်းရှိဆိုတော့ လူတွေဆိုတာ ပျာယာပျာယာနဲ့ ဘာလုပ်လုပ် ဖြည်းဖြည်းကို မလုပ်တတ်တော့ဘူး။ မိန်းကလေးတွေ ဆိုတာ အကုန်လုံး ကာတွန်းရုပ်တွေတောင်ပေါက်တယ်။ ဗွီဒီယိုခွေကို အမြန်ရစ်ပြီး ကြည့်နေရသလို ဒါလည်း မဖြုံပေါင်။

ကျွန်မတို့ မ-ကျ/တိုက်ကို ရောက်ရောက်ချင်း အပြင်မှာ အမြဲထွက်ခွင့်ရတဲ့ ဒေါ်စိုးစိုးထွန်းက နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ အန်တီစမ်းနဲ့ မြတ်မိုမိုထွန်းက

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီလို အပြင်မှာ မနေရရှာတော့ သူတို့ကို ပိတ်ထားတဲ့တိုက်ခန်းလေးထဲကပဲ ကြိုရတာ။ ဒါတောင် ကျွန်မတို့ကို ဒေါ်စိုးစိုးထွန်း သမီးတွေ ဖြစ်ကုန်ပြီ၊ ဘာညာနဲ့ အပြောခံရသေးတယ်။

တကယ်တော့ အန်တီစိုး(ဒေါ်စိုးစိုးထွန်း)က ထောင်အာဏာပိုင်များနဲ့ တော်တော်ကိုပိုင်တော့ သူ့ရဲ့အကူအညီ အများကြီးရပါတယ်။ တကယ်လည်း ကူညီစောင့်ရှောက်တာပါ။ သူ့ရဲ့ကျေးဇူး တကယ်ရှိပါတယ်။ အချုပ်ဆောင်ဘက်မှာ စားစရာ မရှိဘဲ ပျော်ပွဲစားထွက်လာတဲ့ ကျွန်မတို့ကို သူ့ရှိတာလေးတွေချကျွေး၊ ဂရုစိုက်ပါတယ်။

ကျွန်မတို့က ညဆိုရင် စတိတ်ရှိုးကို ကိုယ့်အခန်းထဲမှာ ကိုယ်ထွက်ကြတာပေါ့။ ကျွန်မက မ-ကျ/တိုက်မှာ အဲဒီအချိန်မှာ ပင်တိုင်အဆိုတော်ပေါ့။ အခြားအခန်းတွေလည်း လွတ်နေသေးတော့ အဲဒီအချိန်ထိတော့ အေးဆေးပါ။

အန်တီစမ်းက စာအုပ်တွေ ပြောပြတယ်။ အဲဒါက တကယ်ကျေးဇူးကြီးတာပဲ။ ကိုယ်မသိတဲ့ အကြောင်းအရာတွေ၊ ကိုယ်မဖတ်ဘူးသေးတဲ့ အကြောင်းတွေကို အသေးစိတ်ပြောပြပေးတာ။ နားထောင်ရတာ တယ်အရသာရှိသကိုး။

ကျွန်မတို့သုံးယောက် မနက်မိုးလင်းရင် ဘုရားရှိခိုးကြ၊ ညနေတန်းပိတ်ချိန် ဘုရားရှိခိုးကြ(စိန်ရောင်ခြည်ကြီးတော့ မဆိုပါဘူး။ အခုချိန်ထိ စိန်ရောင်ခြည်အသံကြီးကြားရင် ကြက်သီးထတုန်းပါ) ရေချိုးထုတ်ချိန်ကျရင် အမြန်ဆုံးနည်းနဲ့ အဝတ်လျှော်၊ ရေချိုး ပြီးရင် အခန်းလှည့်စကားပြော၊ ဟုတ်သလိုပဲ။ တယ်ပြီးမကြာလိုက်ပါဘူး။ တဖြည်းဖြည်း ကြပ်သထက် ကြပ်လာလိုက်တာ။ အသက်တောင် ဝအောင်မရှူနိုင်တဲ့ ဘဝကို ရောက်ကြတော့တာပဲ။

ထောင်နဲ့ တဖြည်းဖြည်း တူလာလိုက်တာ။ စကားမပြောရ၊ သီချင်းမဆို၊ အသံမထွက်ရ။ စီလိုက်တဲ့တလာ ဘာဆိုဘာမှ မကျန်အောင် သိမ်းတာ။ ဘူးခွက် အပိုမထားရ။ အင်္ကျီ လုံချည် အပိုမထားရ။

ဒီကြားထဲ ကျွန်မတို့ အကုန်ခိုးလုပ်တာ။ တိုက်ရှေ့ပုံထားတဲ့ ကန့်စွန်းရွက်တွေ၊ မုန်လာဥတွေ၊ ရေချိုးထုတ်ချိန်မှာခိုး၊ သုတ်စား၊ သွပ်ပြားပေါက်ကနေ (၈)ဆောင်မှာရှိတဲ့ ၅(ည)ညီအစ်မတွေနဲ့ လစ်ရင် လစ်သလို စကားပြော။

ကျွန်မ စဉ်းစားမိတယ်။ ဒီစကားလေးလောက် ပြောတာကိုပဲ ဘာဖြစ်လို့ ဒီလောက်တောင် ကြောက်လန့်နေမှန်းကို မသိဘူး။ ‘ငါတို့ကိုက ကြောက်စရာကောင်းနေတာလား’ လို့တောင် စဉ်းစားမိတယ်။ ကျွန်မတို့က ထောင်သာကျနေတာ ထောင်ဝင်စာလေးကလည်း မှန်နေတော့ အကုသိုလ်ကင်းကင်းနဲ့ ထမင်းည/မနက် စားနေရတယ်ဆိုပြီး ကြံဖန်ဂုဏ်ယူမိသေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ဝန်ထမ်းများမှာ တော်ကြာ လူကြီးလာမှာမို့လို့၊ တော်ကြာ ထောင်ပိုင်လာမှာမို့လို့၊ တော်ကြာ ညွှန်မှူး လာမှာမို့လို့ အမြဲတမ်း ကြောက်နေရတာ။ သူများကျေနပ်ဖို့ ဆဲရ ဆိုရ ရိုက်ရ နှက်ရ ကြိမ်းမောင်းရ။ စားတော့လည်း ဒီထမင်း၊ အကျဉ်းသူတွေဆီက ငါးပိကြော်၊ ငါးခြောက်ကြော်၊ ဟင်းစို ဟင်းခြောက် ဘယ်လိုဘဝမျိုးပါလိမ့်။

သူတို့ သယ်လာတဲ့ အသုတ်တို့၊ ပဲပင်ပေါက်ကြော်တို့၊ ကြက်ရိုးဟင်းဒါတွေကို အကျဉ်းသူများက ဝယ်စားစား၊ သံသရာလည်နေတော့တာ။ ဒီကြားထဲစိတ်ကောင်းရှိတဲ့ ဝန်ထမ်းအကြီးတွေက မကြာခဏခိုးကျွေး။ လူရှေ့သူရှေ့ကျမကြည်သလို ဘာလိုလိုလုပ်။ လစ်ရင် တိုက်တံခါး ခိုးဖွင့်ပေး။ ဒါမျိုးတွေလည်းရှိသေးတယ်။ ဆိုးကဲ့ဝန်ထမ်းတွေလည်း ရှိသေးတယ်။ သူတို့ကတော့ အများသား။ ဝန်ထမ်းမအငယ်လေးတွေဆိုရင် သူတို့ သမီးရည်စားချိန်းတွေ့ဖို့သွားရင် အကျဉ်းသူတွေဆီက အင်္ကျီတောင် ငှားဝတ်သေး။ ကျွန်မတို့ဆီကတော့ ဘယ်သူမှ မငှားပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်မတို့ဆီမှာ လူမြင်ကောင်းတဲ့ အင်္ကျီဆိုလို့ တစ်ထည်မှ မရှိဘူး။ ရှိလည်း ဘယ်သူမှ ငှားမှာမဟုတ်ဘူး။

မ–ကျ/တိုက်ကတော့ ပူတဲ့နေရာ စပါယ်ရှယ်ပါပဲ။ ခေါင်းရင်းမှာ အထောင်နဲ့ ခွဲထားတဲ့ သွပ်ပြားက လူတစ်ရပ်ကျော်တယ်။ နေပူလို့ သွပ်ရှိန်တက်လေ ပူလေပဲ။ အဲဒီသွပ်ပြားက သံချက်မှာ ရေနွေးပုလင်း(ပလတ်စတစ်ရေသန့်ဘူး)ကိုချိတ်ပြီး ကော်ဖီတောင်ဖျော်လို့ရတယ်။ ညနေတစောင်းဆိုရင် တိုက်ပူကပွဲ။ လူတွေဆိုတာ အမြဲတမ်း ချွေးသံတရွှဲရွှဲနဲ့ နှီးချိနေတာပဲ။ တိုက်ပူပွဲချိန်ဆို လုံချည်လေးတွေရင်လျားပြီး evening dress ပဲ။ လက်ကလည်း ထောင်တွင်းဖြစ် ယပ်တောင်တဖျတ်ဖျတ်နဲ့။ အိမ်ပြန်ရောက်တာတောင် အကျင့်တွေပါပြီး ယပ်တောင် ကောက်ကိုင်မိတယ်။

## ထောင်သကြံန်

ထောင်ကျပြီး နောက်ထပ်သကြံန် ထပ်ကြုံသေးတယ်။ နောက်ထပ်သကြံန်များစွာလည်း ကြုံရပါသေးတယ်။ အဲဒီသကြံန်ပေါင်းများစွာထဲက တစ်ခုသောသကြံန်ကို ပြောပြပါဦးမယ်။ သံချပ်တွေကတော့ အပုံစားပဲ။ ထောင်ထဲက ကြုံသမျှဒုက္ခ၊ ထောင်မှူး၊ ထောင်ပိုင်၊ ထောင်ဝန်ထမ်းတို့ရဲ့ ဟန်ပန်အမူအရာ၊ ပါးရိုက်ကြမ်းပုံ၊ အဆဲကြမ်းပုံတို့ကို ထိထိမိမိ စပ်ဆိုသံချပ်ထိုးထားတာပါ။ (ဂ)ဆောင်လို့ခေါ်တဲ့ အဆောင်မှာနေတဲ့ အမျိုးသမီးထောင်ကျတွေက ကျွန်မတို့ရဲ့ တိုက်ခေါင်းရင်းမှာ

mgyoe.com

mgyoe.com SAMPLE BOOK

လာပြီး ဖျော်ဖြေကြတာပါ။ ဝန်ထမ်းများကလည်း သကြိန်တော့ ရှိစေတော့ဆိုပြီး နှာစေးပေးထားကြတာပါ။ ထောင်မှူးမတွေကလည်း မသိချင်ယောင်ဆောင်ပေးကြတယ်။ လာရောက်ဖျော်ဖြေပေးကြတဲ့ ထောင်ကျသကြိန်မယ်များကို ကျွန်မတို့ မ-ကျ/တိုက်ကလည်း သကြားလုံး၊ မုန့်တို့နဲ့ ဝန်ထမ်းကတစ်ဆင့် ဆုချရတာလည်း ကြံဖန်ပျော်တဲ့ ပျော်နည်းတစ်ခုပါပဲ။ ဝန်ထမ်းများကလည်း တစ်ရက်တော့ ရှိစေတော့လို့ သဘောထားပုံရပါတယ်။

နောက်ရက်တွေကျတော့ ကျွန်မတို့ သောင်းကျန်းကြပါတယ်။ သောက်ရေအိုးထဲက ရေတွေခပ်ပြီး တစ်ခန်းနဲ့တစ်ခန်း ခြားထားတဲ့ အုတ်နံရံပေါ်မှာ သံဇကာကွက်အထိရောက်အောင် ပက်ရတာ။ ဒါမှ ဘေးခန်းကို ရေရောက်မှာလေ။ အဲဒီသံဇကာကွက်က အုတ်နံရံရဲ့အထက် မျက်နှာကျက်နားမှာ ကာထားတာ။ အဲဒီသံဇကာရောက်အောင် နည်းမျိုးစုံနဲ့ တွယ်တက်ပြီး အချင်းချင်း စားစရာ ခိုးကျွေးရတာ။ တစ်ခါတလေ ဆပ်ကပ်ထဲတောင် ဝင်ပါရင် ရနိုင်တယ်လို့တောင် တွေးမိတယ်။

တကယ်တော့ ဟိုဘက်ခန်း ဒီဘက်ခန်း ရေပက်တမ်း ကစားရတာ လူစင်တာ နည်းနည်း၊ ကြမ်းစိုတာကများတာ။ ရေချိုးအထွက်မှာ ရေခွက်နဲ့ ရေသယ်လာပြီး ခေါင်းရင်းပြတင်းပေါက်ကနေ 'ဟေး'လို့အော်ပြီး ပက်တာရှိသေးတယ်။ ဘယ်သူမှတော့ သေသေချာချာ ရေထိတာမဟုတ်ပါဘူး။ အဲဒါလည်း 'တဟီးဟီး'နဲ့ သကြိန်ကျကြတာပဲ။ ပြီးလည်းပြီးရော ကိုယ့်အခန်းကိုယ် ရေပြန်သုတ်ရတာ လျှာကိုထွက်ရော။

နောက်သကြိန်တွေမှာတော့ ပျော်ပို့နေနေသာသာ အီးတောင်ကျယ်ကျယ်ပေါက်လို့ မရတော့ဘူး။ တရုတ်နှစ်သစ်ကူးတစ်ခုမှာ အဆောင်က အကျဉ်းသူတချို့ ပလတ်စတစ်အခင်းအနီစကြီးခြုံ၊ ထမင်းထည့်စားတဲ့ ပလတ်စတစ်ဇလုံကို တုတ်တိုတစ်ချောင်းနဲ့တီးပြီး ထောင်တရုတ်နဂါးတောင်လှည့်တာ ကြည့်ဖူးပါသေးတယ်။ ဒါမျိုး လူ့ပြည်က လူသားတွေ မြင်ဖူး ကြုံဖူးကြမှာ မဟုတ်ပါဘူး။

## ရှင်သန်ခြင်း

အိမ်ပြန်ရဖို့အကြောင်းတော့ လုံးဝမစဉ်းစားကြတော့ဘူး။ မပြန်ချင်လို့လားတော့ မမေးနဲ့နော်။ အဲဒါဆိုရင်တော့ လွှန်စွာမှ စိတ်ဆိုးရပါလိမ့်မယ်။ မပြန်ချင်တဲ့လူဘယ်သူရှိပါ့မလဲ။ အိမ်ပြန်ချင်နေလို့လည်း ပြန်ရတာမှ မဟုတ်တာ။ ဘာလေးများစားချင်လိုက်တာဆိုတဲ့ အတွေးမျိုးလည်း ဘယ်တော့မှ မတွေးဘူး။ ဒါမျိုးတွေ

mgyoe.com

စဉ်းစားလို့ကတော့ မြန်မြန်ရှုးရင်ရှုး မရှုးရင်ကြောင်။ အဲဒါကိုပဲ 'တသသလွမ်းစေ' ဖြစ်နေလို့ကတော့ ကိုယ့်ဒုက္ခကိုယ်ရှာသလိုပဲ နေမှာပေါ့။

ဒီတော့ ကျန်းကျန်းမာမာနဲ့ ထောင်ကလွတ်တဲ့အထိ ဘယ်လိုရှင်သန်ပြီး နေသွားမလဲ။ ဒီကိစ္စက တကယ်တော့ အရေးကြီးတယ်နော်။ ဒုက္ခရောက်တိုင်း အနေရ အထိုင်ရ ကျဉ်းကြပ်တိုင်း တစ်ယောက်နဲ့တစ်ယောက် ဒုက္ခရောက်တဲ့လူတွေ အချင်းချင်း စိတ်ဝမ်းကွဲ ရန်ဖြစ်ပြီး သူများ ဝမ်းသာအောင်နေမှာလား။ ဒုက္ခရောက်တိုင်း ပိုပိုစည်းရုံးပြီး ဒီဒုက္ခတွေကို ကြံ့ကြံ့ခံကြမလား။ ဒီနေရာမှာ ကျွန်မတို့ မ-ကျ/တိုက်က ညီအစ်မတွေ အလွန်တော်ကြတယ်။

ဘယ်လောက်ဒုက္ခရောက်ရောက်၊ ဘယ်လောက်ကြပ်တည်း ဆင်းရဲ၊ ဘယ်လောက်ကြမ်းတမ်း၊ စည်းလုံးကြတယ်။ ကြံဖန်ပြီး စိတ်ချမ်းသာအောင် နေကြတယ်။ ရယ်စရာတွေကို အလစ်ချောင်းပြီး မျှဝေကြတယ်။ လစ်ရင် လစ်သလို စကြ နောက်ကြ၊ ကိုယ့်ရှိသမျှထဲက ခွဲဝေကျွေးကြ။ ငါ့ရှိတာ ငါတစ်ယောက်တည်း စားမယ်ဆိုတာမျိုး မရှိဘူး။ မျိုလို့လည်း မကျကြဘူး။

စားစရာရယ်လို့ ရှိနေတာလည်း ထောင်ထဲမှာ ရှင်သန်ဖို့ထဲမှာ အရေးကြီးတဲ့ ကိစ္စတစ်ခုပဲ။ ကောင်းတာမွန်တာ မဟုတ်ပေမယ့် စားစရာရှိနေတာလည်း အင်အား တစ်ခုပဲ။ အင်းစိန်ထောင်ထဲက နိုင်ငံရေးအကျဉ်းသားဆီမှာ ဘယ်လိုလုပ်ပြီး စားကောင်း သောက်ဖွယ်ဆိုတာ ရှိနိုင်မလဲ။ ငါးခြောက်ကြော်၊ ငါးပိကြော်။ ငံပြာရည်ကြော်၊ ငရုတ်သီးကြော်၊ ငါးပိထောင်း အဲဒီ 'င'မျိုးစုံကို အမျိုးမျိုး ရုပ်ဖျက်ပြီး နေပူလှမ်း ထားတဲ့ ရေနွေးလေးနဲ့ အရည်သောက်လေး လုပ်လိုက်၊ အခြောက်အတိုင်း စားလိုက်၊ အသုတ်လိုလို ဘာလိုလို လုပ်စားလိုက်၊ အစစ်တော့ မရဘူး၊ ဘာလိုလိုဟင်းတော့ ရတယ်။

ခေါက်ဆွဲခြောက်ဆိုရင် နေပူလှမ်းထားတဲ့ ရေနွေးနဲ့ တစ်ညလုံးစိမ်။ မနက် ရေနွေး ခပ်နွေးနွေး ထပ်စိမ်။ မာနကြီးတဲ့ ခေါက်ဆွဲခြောက်လည်း နောက်တော့ ဘာခံနိုင်မှာလဲ။ ပျော့ရတော့တာပေါ့။ မပျော့တပျော့ဆိုလည်း သုတ်ပြီးဝေစားကြတာပဲ။ မဟာသံမဏိဗိုက်တွေက ဘာမှကို မဖြစ်ပေါင်။ စပ်တော့လည်း တရှူးရှူး တရှဲရှဲနဲ့ စားလို့ဝင်သွားတာပဲ။ စားလို့ သောက်လို့များပြီးရင် အိပ်။ အဆီအသားကိုဖြစ်လို့။

ပျင်းလို့ရှိရင် လစ်ရင်လစ်သလို တစ်ခန်းနဲ့တစ်ခန်း စကားပြော။ ဘယ်သူနဲ့ ဘယ်သူနဲ့ပဲပြောပြော အားလုံး အကျုံးဝင်တယ်။ ရေချိုးထွက်ကတည်းက ထောင်မှူးမ ရှိ၊မရှိ စုံစမ်းပြီးသား။ ဝန်ထမ်းကလည်း စကားလောက်ပြောတာတော့ 'တယ် ပိတ်ပင်ချင်ပုံ မရပါဘူး' မရတဲ့အခါမျိုးတွေတော့လည်း 'တိုက်၊ တိုက် ဆူတယ်'နဲ့

mgyoe.com

mgyoe.com SAMPLE BOOK

လှမ်းအော်တာပေါ့။ များသောအားဖြင့် ဘာနေ့တွေ ညနေ့တွေနီးရင် ဒုက္ခရောက်တယ်။ ရုံးခန်းနဲ့ကပ်လျက်ဆိုတော့ မချောင်ဘူး။

တချို့ကိစ္စတွေဆိုရင် အော်ပြောမှ အားလုံးသိမှာ။ အော်ပြောရင် ဝန်ထမ်းတွေ ကြားမယ်။ မအော်ရင် မရဘူး။ အရေးလည်းကြီးတယ်။ ဒါမျိုးဆိုရင် စကားဝှက်တွေနဲ့ အော်ပြောတာ။ စကားဝှက်က ဘယ်သူမှ သတ်မှတ်ထားတာ မဟုတ်ဘူး။ ဒါပေမဲ့ အလွန်ဉာဏ်ထက်သော ကျွန်မတို့ ညီအစ်မတွေက ပြောလိုက်ရင် သဘော ပေါက်တယ်။ 'မထူးဆန်းဘူးလား'။

ဝန်ထမ်းကို အမြင်ကတတ်လို့ ဆဲချင်လည်း စကားထာလေးဝှက်ပြီး ဆဲလိုက် ရတော့ ရင်ချောင်တာပေါ့။ ကိုယ်လည်း ဆဲလိုက်ရတယ်။ သူလည်း ရိပ်မိပေမယ့် မသေချာတော့ အရေးယူလို့ မရ။ အချင်းချင်းက သဘောပေါက် Bravo လုပ်။ Good ။

## ထောင်သက်ကရှည်

ကျွန်မ ထောင်ကို ရောက်စက တပ်ကြပ်နဲ့ ဝန်ထမ်းက ထောင်မှူး မဖြစ်။ ကိုယ်က မလွတ်သေး။ သူ ကိုယ်ဝန်ကြီးနဲ့ ကလေးမွေး။ ကိုယ်က မလွတ် သေး။ သူ့ကလေး လမ်းလျှောက်၊ စကားပြော။ ကိုယ်က မလွတ်သေး။ တချို့ ဝန်ထမ်း အမျိုးသမီး တစ်ဗိုက်ပြီး တစ်ဗိုက်မွေး။ ကိုယ်က မလွတ်သေး။ အချိန်တွေ အချိန်တွေ ကြောက်စရာကောင်းလှအောင် ကုန်လာခဲ့ပြီ။ နာရီတွေကို ရပ်တန့်ပစ်ချင်ပြီ။ ဘယ်နေရာမှာမှ ဘာမှမထူးခြား။ အပြင်ကမ္ဘာ၊ အတွင်းကမ္ဘာ ပြောင်းလဲမှု မရှိ သော်ငြားလည်း အသက်တွေက ကြီးလာ၊ ချူနာပါတေးတွေ ဖြစ်လာ၊ လေရှူမဝ။ အနေအထိုင်က ကျပ်တည်းသထက်ကျပ်။ ညအိပ်ရင် ကျွန်မရဲ့ အကြောခွဲမှုတွေက ပိုပြီးပြင်းထန်လာပြီး စိတ်ဓာတ်တော့ ဘယ်သူမှ မကျသေး။ မ-ကျ/တိုက်မှ ညီအစ်မများ တောင့်ခံနိုင်တုန်း။ ဒါပေမဲ့ ကျန်းမာရေးဆိုင်ရာ အကုန်ကျဆင်းကုန်ပြီ။ အဝတ်တွေလည်း စုတ်လှပြီ။ ဆံပင်တွေလည်း ဖြူကုန်ပြီ။ ရယ်သံတွေတော့ မစဲသေးဘူး။

ထောင်အခေါ် 'နိုင်ငံတော်' ဆိုတဲ့ ထောင်လုံးကျွတ် လွတ်ငြိမ်းချမ်းသာသံ တွေက မကြာခဏ ကြားနေရပြီ။ ရက်တွေသာ တစ်ရက်ပြီးတစ်ရက် စားသွားတယ်။ မလွတ်ကြတဲ့အပြင် ထောင်ပြောင်းတွေ ရဲဘက်တွေသာ ဖြစ်လာလို့ ညဘက်အဆောင် ဘက်မှာ ဆေးရုံထုတ်ရတာ ခဏခဏ။ အဲဒီအဆောင်ဘက်က သက်ကြီးအမျိုးသမီး ထောင်ကျ အမျိုးသမီး အကျဉ်းသူတွေ အသေအပျောက်တွေ ရှိလာပြီ။

mgyoe.com

**နိုင်ငံတော် မျှော်လေတိုင်းဝေး**

"သက္ကရာဇ် ၂၀၀၀ မှာ အားလုံးကျန်းမာ" အဲဒီလိုတော့ မဟုတ်ဘူး။ သက္ကရာဇ် ၂၀၀၀ မှာ နိုင်ငံတော် လာမယ်ဆိုပြီး အားတွေတက်နေလိုက်တာ။ ထောင်ဝင်စာ ပါဆယ်ထည့်ပေးတဲ့ ငှက်ပျောသီးလေး ရောင်းစားတာ ဝယ်မယ့်လူ တောင် မရှိဘူး။ အကုန်လုံး အိမ်ပြန်ရမှာမို့လို့တဲ့။

မ–ကျ/တိုက်က ဉာဏ်အမြော်အမြင်နဲ့ ပြည့်စုံတဲ့ ကျွန်မတို့ ညီအစ်မတွေ က သဘောပေါက်ပြီးသား။ 'ဒီလောက်တော့ စစ်အစိုးရ သဘောမကောင်းနိုင်ဘူး' ဆိုတာ။ ဒါပေမဲ့လေ ကျွန်မတို့လည်း စိတ်ထဲကတော့ ကျိတ်မျှော်မိသေးတာပေါ့။ ၂၀၀၀ ခုနှစ်ရဲ့ နှစ်ဆန်း ၁ ရက်နေ့မှာ မနက်အစောကြီး ထောင်ပြောင်းရဲဘက်တွေ လည်း ပို့ပစ်ရော ထောင်ကျဆောင်က အမျိုးသမီးတွေ ဘုန်းဘုန်းလဲကြတော့တာပဲ။

အ·ပ·က အမှုလို့ခေါ်တဲ့ နှစ်ကြီးသမားတွေက အသက်အရွယ်ကြီးလှတဲ့ အဘွားကြီးတွေ များပါတယ်။ သူတို့က ဘဏ်မှာ အိမ်လိမ်ပေါင်ရာက ထောင်ကျလာ တဲ့ အဘွားကြီးတွေပါ။ သူတို့ရဲ့ သားသမီးများက မိဘအိမ်ကို လိမ်ပေါင်။ ပြီးတော့ ပြဿနာဖြစ်တော့ အိမ်ရှင်ဖြစ်တဲ့ မိခင် ဖခင် သက်ကြီးရွယ်အိုတွေက ပြစ်ဒဏ်ခံရ။ ထောင်ထဲမှာ သားဆိုး သမီးဆိုးတွေရဲ့ ပစ်ထားခြင်းကို ခံရတဲ့ လူအိုလူမင်းတွေပါ။ သူတို့ကို ထောင်ပိုင်အဆက်ဆက် 'ဂီလာန' တွေအဖြစ်နဲ့ အင်းစိန်ထောင်ထဲမှာပဲ ထားပါတယ်။ ထောင်ထဲမှာ မမာတဲ့သူတွေကို 'ဂီ' လို့ ခေါ်ပါတယ်။ အဲဒီအဘွား ကြီးတွေ အကုန်လုံး သက္ကရာဇ် ၂၀၀၀ မှာ ထောင်ပြောင်း ပါကုန်တာ။ ကျွန်မတို့ တိုက်ခေါင်းရင်း ပြတင်းပေါက်ဘက်မှာ တန်းစီပြီး ပုံစံထိုင်နေကြရတယ်။ အာရုံတက် ကနေ နေတော်တော်ပြင်းလာတဲ့အထိပေါ့။

ဒီအထဲမှာ ကျွန်မနဲ့ ထောင်ထဲမှာ ခင်မင်နေတဲ့ အဘွားကြီးတွေလည်း ပါတယ်။ ကျွန်မက ပြတင်းပေါက်က သံတိုင်ကိုကိုင်၊ အဲဒီအဘွားကြီးတွေက အပြင်က ကျွန်မကို ငေးကြည့်။ ဘာစကားတစ်ခွန်းမှ ဟဟမပြောနိုင်ဘဲ ရင်ထဲမှာ ဆို့နင့်လို့နေပါတယ်။ ကျွန်မလည်း ရှိသမျှ မုန့်၊ သကြား၊ ခေါက်ဆွဲခြောက်၊ ကော်ဖီမှုန့် အိတ်နဲ့ အကုန်ထည့်ပြီး လှူလိုက်ပါတယ်။ သူတို့ကလည်း ကျန်းမာရေး ဂရုစိုက်ဖို့ တဖွဖွပြောပြီး ပါသွားရှာတယ်။ ကျွန်မရဲ့ရင်ထဲမှာ ပြင်းထန်တဲ့ဒဏ်ရာ ကျန်ခဲ့ရပါပြီ။ အဲဒီတုန်းက ထောင်ပိုင်ကြီးနာမည်က 'ဦးလှလှ' တဲ့။ နာမည်ကသာ 'လှလှ'။ လူတကာဒုက္ခရောက်အောင် အလွန်စွမ်းဆောင်နိုင်ပါပေတယ်။ သူ့လက် ထက် နိုင်ငံရေးသမားအားလုံး အင်းစိန်ထောင်မှာ နလံမထူနိုင်အောင် ဒုက္ခရောက်ခဲ့ ရပါတယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

## စင်ကြယ်ဖိနပ်နဲ့ ခိုးရာပါ လက်ခံသူ

ကျွန်မ မ–ကျ/တိုက်ကို ရောက်စမှာ ထောင်ဝင်စာ နှစ်ကြိမ်၊ သုံးကြိမ် တက်ပြီးချိန်ပေါ့။ စီးနေတဲ့ မိန်းမစီးညှပ်ဖိနပ်လေးက အချုပ်ဘဝထဲက ရေချိုးလည်းစီး၊ လမ်းလျှောက်လည်းစီးနဲ့ တော်တော်စုတ်ပြတ်ပြီး ပြတ်လုပြတ်ခင် ဖြစ်နေချိန်မှာ ကျွန်မရဲ့ တိုက်ခေါင်းရင်း သံဇကာကို လာပုတ်လို့ ထကြည့်တော့ ၃၀ ဃ အချိန် မတော် လမ်းလျှောက်မှုနဲ့ ထောင်ကျလာတဲ့ မိန်းကလေးက စင်ကြယ်ဖိနပ်အပြာရောင် အသစ်စက်စက်ကြီးကို ထောင်ပြပြီး 'ဝယ်မလား' တဲ့။ ကျွန်မလည်း လောဘတက် သွားတယ်။ 'ဘယ်လောက်လဲ' ဆိုတော့ 'ဆေးလိပ် ၁၀ လိပ်' 'OK' ရော ပတ္တမြား၊ ရော နဂါးပဲ။ အခန်းထဲမှာ စင်ကြယ်ဖိနပ်အသစ်ကြီးစီးပြီး ကျေနပ်နေတယ်။ အပြင်ထွက် ရေချိုးချိန်မှာ ဘော်ဒါတစ်သိုက်ကို 'ကြွားလိုက်ဦးမှ'။

ရေချိုးထွက်ချိန်လည်းရောက်ရော ဖိနပ်အသစ်နဲ့ လိုက်ကြွားတာ။ 'အန့်တီ စမ်း' ဆိုရင် 'တန်လိုက်တာ' 'တန်လိုက်တာ' နဲ့ တဖွဖွ ချီးမွမ်းတော့တာပဲ။ အားလုံးကလည်း 'နောက် ဒါမျိုးရရင် ငါတို့လည်း လက်တို့လိုက်ဦး' ဆိုပြီး ပြောကြတယ်။ မကြာလိုက်ပါဘူး။ နေ့ခင်းဘက် တန်းပိတ်ချိန်မှာ ရုံးခန်းဘက်မှာ 'တဖြောင်းဖြောင်း' ရိုက်သံတွေ ကြားတော့တာပဲ။ 'စင်ကြယ်ဖိနပ်အသစ်ပျောက်မှု' အမှုစစ်နေတာ။ ကျွန်မလေ အဖမ်းခံရတုန်းကလည်း တစ်စက်မှ မကြောက်လန့်ခဲ့ဘူး။ တိုက်ထဲက အကုန်မျက်လုံးပြူးကုန်တာ။ 'ဒုက္ခတော့ရောက်ပြီ၊ မြတ်စွာဘုရား ကယ်မတော်မူပါ'။ 'စစ်လို့ ပေါ်လို့ကတော့ သွားပြီ'။

ဖြစ်ပုံက အဆင့်ဆင့်ခိုးလာပြီး ဝယ်ရောင်းလုပ်လာတဲ့ စင်ကြယ်ဖိနပ်ဟာ တိုက်က ကျွန်မဆီမှာ အဆုံးသတ်သွားတာ။ တိုက်ထဲရောက်သွားတဲ့ ဖိနပ်က ဘယ်သူမှ ရှာမရတော့ဘူးလေ။ အမှုမှန်က မပေါ်ဘူး။ ဒီလိုနဲ့ ပြီးသွားရော ဆိုပါတော့။ ဒါမျိုးတွေလည်း ကြုံဖူးရပါသေးတယ်။

တိုက်ထဲက တိုက်ညီအစ်မများကလည်း 'ထိ' ကနဲဆို ဂြိုဟ်မွှေလွှန်းတဲ့ ကျွန်မကို 'ဂြိုဟ်သား၊ ဂြိုဟ်သား' နဲ့ ဝိဂြိုဟ်ပြုကြပါတယ်။

ဒါပေမဲ့ သိပ်မပူပါနဲ့။ မကြာခင်ကာလမှာပဲ 'ဆေးလိပ် ငါးလိပ်'နဲ့ နောက် ထပ် စင်ကြယ်ဖိနပ် အစိမ်းရောင်တစ်ရံ ထပ်ပါတယ်။ လူကြီးဖြစ်တဲ့ အန့်တီစမ်းကို ဦးစားပေးပြီး အခွင့်ထူးခံစေပါတယ်။ ဒီတစ်ခါ စင်ကြယ်ဖိနပ်က နည်းနည်းတော့ နွမ်းတယ်။ ဆေးလိပ်ငါးလိပ်ဆိုတော့ တန်ပြန်ရော။ အန့်တီစမ်းကတော့ ဒီထက် သစ်သစ်လေးတော့ လိုချင်တာပေါ့။ ဒါပေမဲ့လည်း ကျေနပ်ကြပါတယ်။

mgyoe.com

mgyoe.com

## ဆေးလိပ်ကို အဖော်ပြုခြင်း

မပျော်ပျော်အောင် ကြံဖန်နေခဲ့ကြပေမယ့် အိမ်မပျော်တဲ့ရက်တွေ များလာပြီ။ ညဘက် ညဘက် ငုတ်တုတ်ထိုင်ချိန်တွေ များလာပြီ။ မိလ္လာပေး၊ ရေဆွဲပေးအတွက် ထားတဲ့ ဆေးပေါ့လိပ်ကို ကောက်ကိုင်မိပြီ။ နှာခေါင်းထဲက မီးခိုးထွက်အောင် လုပ်ကြည့်သေးတယ်။ ဘယ်လိုမှ မရဘူး။ မီးခိုးတွေသီးပြီး မျက်ရည်တွေ ကျလာပါ တယ်။ ဒီတော့ နှာခေါင်းထဲက မီးခိုးထွက်အောင် မလုပ်တော့ဘူး။ ဆေးလိပ်ကို ပါးစပ်နဲ့ စုပ်လိုက်၊ မီးခိုးကို ပါးစပ်နဲ့ မှုတ်ထုတ်လိုက်။ ဒေါသထွက်စရာနဲ့ ကြုံလာရင် ဆေးပေါ့လိပ် ကောက်ကိုင်ပြီး မီးခိုးမှုတ်ထုတ်လိုက်ရင် တော်တော်နေလို့ထိုင်လို့ အဆင်ပြေသလိုရှိတယ်။ တကယ်ကတော့ မကောင်းတဲ့အကျင့် အဖတ်တင်လာတာ။

ထောင်ကလွတ်လို့ အိမ်လည်းပြန်ရောက်ရော ဆေးလိပ်မသောက်ရလို့ ကတုန်ကယင် ဖြစ်သေးတာ။ အဆင်မပြေတိုင်း ဆေးပေါ့လိပ်ကို သတိရလိုက်တာ။

## တရားမဝင် မှောင်ခိုပစ္စည်းများ

ဘယ်က ဘယ်လို ရလာသလဲလို့တော့ မမေးနဲ့။ မပြောပြဘူး။ ဂတ်(စ်) မီးခြစ်က တစ်လုံး၊ ခဲတံချွန်တဲ့ဓားက တစ်ချောင်း၊ ခေါက်ကတ်ကြေးလေးသေးသေး လေးက တစ်လက်၊ လက်ချုပ်အပ် အပ်ချည်လုံး အဖြူတစ်လုံး၊ တစ်ချောင်းထိုး အပ်တစ်ချောင်း၊ တက်တင်းထိုးတဲ့လွန်းက နှစ်ခု။ ဖြတ်သန်းလာတဲ့ 'ထောင်ဘဝ' တစ်လျှောက်မှာ မရှိမဖြစ်တဲ့ ပစ္စည်းတွေပါပဲ။ ဒါတွေကို မမိအောင် ထိန်းသိမ်းရတဲ့ ကိစ္စက တကယ်တော့ မလွယ်ပါဘူး။ မိသွားခဲ့ရင်လည်း မလွယ်ပါဘူး။

## ဝဲတင်းတယ်

ဖြတ်သန်းလာခဲ့တဲ့ ထောင်ကာလတွေမှာ ထူးထူးဆန်းဆန်း အခေါ်အဝေါ်၊ ထူးထူးခြားခြား ဖြစ်ရပ်တွေကို မကြာခဏ ကြုံရပါတယ်။ အဲဒီအထဲမှာမှ 'ဝဲတင်း တယ်' ဆိုတဲ့ စကားအသုံးအနှုန်းလည်း အပါအဝင်ပါပဲ။

'ဝဲ'တကာ့ 'ဝဲ'ထဲမှာ 'ထောင်ဝဲ'လောက် ကြောက်စရာကောင်းတဲ့ 'ဝဲ' ရှိမယ်မထင်ဘူး။ ကျွန်မငယ်ငယ်တုန်းက အပြင်ဘက်လူ့လောကမှာ 'ဝဲ'ပေါက်တဲ့ သူတွေ မြင်ဖူးပါတယ်။ အခု ထောင်မှာမြင်ဖူးတဲ့ 'ဝဲ'မျိုး မဟုတ်ပါဘူး။ ကျွန်မတို့ကို ထည့်ပိတ်ထားတဲ့ မ-ကျ/တိုက်ရှေ့မှာ 'ဝဲ'သတ်ပွဲကြီး ကျင်းပတဲ့အခါမှာတော့ လွန်စွာမှ စပ်စုရတာ ဝါသနာပါလှတဲ့ ကျွန်မဟာ ရေချိုးအထုတ်မှာ ထွက်ကြည့်မိ ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

'လား လား' ဗိုက်နဲ့ ရင်ဘတ်ကြား၊ ချိုင်းကြား၊ ကြားတွေ ကြားတွေမှာ အပြင်လိုက်ကြီး၊ ဂျပ်ခဲကြီး၊ မည်းမည်းကြီး၊ ပေါင်ချန်၊ တင်ပါး၊ ဒခေါက်ခွက်၊ တံတောင်ဆစ်၊ လည်ပင်းနဲ့ ဂုတ်၊ လုံချည်စည်းတဲ့နေရာ စတဲ့နေရာအသီးသီးမှာ အချပ်လိုက် အချပ်လိုက်ကြီးတွေ ကြောက်စရာ ရှုံ့စရာပါ။ ခံစားနေရတဲ့သူတွေလည်း အင်မတန် သနားစရာကောင်းပါတယ်။ အဲဒီအနာတွေကို ဘီးနဲ့တစ်မျိုး၊ ဝါးခြမ်းပြားနဲ့ တစ်ဖုံ တကျစ်ကျစ်နဲ့ စိတ်ပြေလက်ပျောက် ကုတ်ခြစ်နေကြတာ အင်မတန် အသည်းယား စရာကောင်းလှပါတယ်။

တိုင်းရင်းဆေးပညာပဲ ပြောရမလား၊ ထောင်တွင်းဆေးပညာပဲ ပြောရမလား မသိဘူး။ 'လှ'သနပ်ခါးခဲကို ရေဖျော်ပြီး ဆေးရွက်ကြီးစိမ်ရေနဲ့ရောပြီး အဲဒီ 'ဝဲ'ပြင်ကြီးတွေပေါ်မှာ သုတ်လိမ်းပေးတာပါ။ အလိမ်းခံရတဲ့ 'ဝဲ'အကျဉ်းသူတွေခမျာတော့ ထွန့်ထွန့်ကိုလူးနေတာပါပဲ။ ဝဋ်ကြွေးကြီးလိုက်တဲ့ဘဝ။ 'ဝဲ'သူ 'ဝဲ'သားအချင်းချင်း တစ်ယောက်နဲ့တစ်ယောက် မှုတ်ပေးကြ၊ ယပ်ခတ်ပေးကြနဲ့ မေးမလို့ အဆောင်ကို ပြန်ကြရပါတယ်။

ညဘက် တန်းပိတ်အပြီး 'တန်းစီး ဘာယာ'များရဲ့ 'ဆေးမှုး' 'ဆေးမှုး' ဆိုတဲ့အသံတွေ ဝန်ထမ်းတို့ရဲ့ 'သော့တောင်းသံ' 'သော့လာပို့သံ' 'သော့ဖွင့်သံ' 'ဆဲသံ' 'ဆိုသံ' တို့ဟာ 'ဝဲ'ဆေးလိမ်းပြီး ညနေရဲ့ နောက်ဆက်တွဲ ဖြစ်ရပ်တွေပါပဲ။

ဖြစ်ပုံက ညနေ တန်းမပိတ်ခင်က လိမ်းပေးထားတဲ့ 'လှ'သနပ်ခါးနဲ့ 'ဆေးရွက်ကြီး' တန်ခိုးပြတာ။ တန်းပိတ်ချိန်ရောက်လို့ အဆောင်တွေထဲမှာ လူတွေက များ၊ လေဝင်လေထွက်က မကောင်း၊ ပူအိုက်တဲ့ဒဏ်နဲ့ လိမ်းထားတဲ့ ဆေးတွေက ခြောက်လာပြီး အရေပြားတင်းလာတဲ့ဒဏ်တွေနဲ့ မခံမရပ်နိုင်ဖြစ်လာပြီး သတိတွေလစ်၊ မေ့လဲ ဖြစ်ကုန်ကြတော့တာပါပဲ။ အင်မတန် သနားစရာကောင်းပါတယ်။

ထောင်ဆရာဝန်က မေးတယ်။ 'ဘာဖြစ်တာလဲ' တဲ့။ ဝဲအကျဉ်းသူတွေက ဖြေတယ်။ 'ဝဲတင်းတာ' တဲ့။ ဆရာဝန်က မျက်လုံးပြူးသွားတယ်။ သူတစ်ခါမှ မကြားဖူးလို့တဲ့။ 'စာဖတ်သူများရော ကြားဖူးကြပါသလား' လို့။

'ဝဲပရောဂျက်' ပြောပြပြီး ကြဲကြဲဖန်ဖန် ဂုဏ်ယူကြွားရမယ်ဆိုရင်တော့ ကျွန်မတို့ 'မ–ကျ/တိုက်' က ညီအစ်မတွေ 'ဝဲ'တစ်လုံးမှ မပေါက်ခြင်းပါပဲ။

## ထောင်ကကျွေးတဲ့ ငါးကြော်

ထောင်ရောက်ခါစက ဘာကြောင့်မှန်းတော့မသိဘူး။ ကြာသပတေးနေ့ ညနေဆိုရင် ငါးကြော် တစ်ကောင်ရတယ်။ ထောင်သူထောင်သားတစ်ယောက်ကို

mgyoe.com